# သခင့်စကား The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေး ရာစာစောင်

၁၁ နှစ်ပြည့် အမှတ်တရ

၁၁ နှစ်ပြည့်

အစာ မဟုတ်သောအရာအဘို့ သင်တို့ငွေကိုငှင်း၊ အမွတ်မပြေနိုင်သော အရာအဘို့ သင်တို့ဥစ္စာကိုငှင်း အဘယ်ကြောင့် ကုန်စေကြသနည်း။ ငါ့စကားကို စေ့စေ့နားထောင်လျှက် ကောင်းသော အစာကို စားကြလော့။ ဟေရှာယ ၅၅း ၂

၁၁ နှစ်ပြည့်

အမှတ်စဉ် (၁၃၃) စက်တင်ဘာလ ၂၀၁၂ ခုနှစ် ● မွေဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် ) ၂၀၀၁ ခုနှစ် စက်တင်ဘာလ တွင် တည်ထောင်သည်။ Est; September 2001

## Born Again

**Born Again** *သာဂိစော*

ကလင် ကလင် ကလင်။ မထင်ခဲ့ပေမဲ့ မိုင်သုံးထောင် အရပ်ဆီမှ
လေလှိုင်းက သယ်ဆောင်လာတဲ့ သတင်းတစ်ပုဒ်
အတင်းတော့ မဟုတ်ပေမဲ့ ရယ်ပြုံးဘို့ခက် အဘိုး ဆုံးပြီတဲ့။
အတိတ်ကို ပြန်စဉ်းစားတော့ အရိပ်တွေ ထင်လာပြန် အဘိုးရဲ့ရုပ်သဏ္ဍာန်
စိတ်အခြေခံ သူ့ဟန်ပန် ဖြူစင်တဲ့ အပြုံး
ဒါတွေအားလုံးဟာ သုံးသပ်စရာဖြစ်လာတယ်။
အဘိုးကို စတွေ့တဲ့နေ့ နှုတ်ဆက်တဲ့ အချိန်ခါ အိုစာတဲ့ အဘိုးဆီက
ချိုသာတဲ့ အပြုံးဟာ ငါးရူပြုံး မဟုတ်၊ ယုဒရဲ့ အပြုံးလဲမပါ။
ချစ်ခြင်းမေတ္တာတွေနဲ့ ရိုးသားမှုတွေသာ ရောင်ပြန်ဟပ်နေတယ်။
အဘိုးရဲ့အကြောင်း တစေ့တစောင်း စပ်စုကြည့်တော့
သူ Born Again ဖြစ်တယ်လို့ မပြော ဗြိတိသျှ စပ်တပ်ထွက်
ဘုရားနဲ့ ဖက်ဘို့ သူ့အနားမှာ လူတစ်ထောင် သူ့လက်ျာမှာ
လူတစ်သောင်း လဲပေမဲ့။ ခန္ဓာနဲ့ အသက်မြဲ။
ဒဏ်ရာဒဏ်ချက်နဲ့ပါ လွဲခဲ့ရတယ်လို့ ဘဲ သက်သေခံခဲ့တယ်။
အဘိုးကို နောက်တစ်ခါ ပြန်တွေ့တော့ ဆယ့်နှစ်နှစ် ကြာခဲ့လို့
ဆယ့်နှစ်နှစ်စာ အိုသွားပေမဲ့ သူ့အပြုံးက မအို စိုတုံးပါဘဲ။
သူ့ယုံကြည်မှုက မအို ပျိုတုံးပါဘဲ။ တွေ့တဲ့ သူတိုင်းရဲ့နာမည်ကို သတိမရတော့။
ဒါပေမဲ့ ပြုံးပြဖို့ မမေ့ခဲ့ အဘိုးဆီက ရတဲ့ သင်ခန်းစာက ကျေးဇူးတော်ချီးမွမ်းတဲ့
အသက်တာ ဘုရားပါလျှင် ယုံကြည်မှု ဘယ်တော့မှ မအို
မေတ္တာပါလျှင် အပြုံးဟာ အကြာကြီး စို၍ ထာဝရ ချိုတယ်။
နောက်တပ် ရှစ်နှစ်ကြာတော့ ခုနက ကလင် ကလင် ကို ကြားရတယ်။
အဘိုးဆုံးတဲ့ သတင်းအပြင် မကွယ်လွန်ခင်မှာ ဝတ်ရုံဖြူနဲ့ လူတစ်စု
သူ့ကို လာကြိုတာမြင်ရတယ်။ သူလိုက်သွားရမယ်လို့ အိမ်သားတွေကိုပြောတယ်။
ပြီးတော့ အဘိုးဆုံးသွားတယ်။ ဝတ်ရုံဖြူနောက်လိုက်သွားပြီ။
အဘိုး ပြုံးပြန်ပြီ။ ဝတ်ရုံဖြူနဲ့ ဝင်းပတဲ့ အပြုံး။
အဘိုးအသက် ၉၄နှစ်မှာ Born Again ဖြစ်သွားပြီ။ ။ **သာဂိစော**



---------------------

## တမ်းတမိတဲ့မေတ္တာ

**တမ်းတမိတဲ့မေတ္တာ** *စက်ာပူရောက် (တောင်ကြီးမနန်း)*

အာရုဏ်ရယ် လင်း မိုးသောက်ခဲ့ပြီ။ ရှင်ကာပျော်မြူး အော်ဟစ်တေးဆို
တေးသံချိုမြ ဆိုကြပျံသန်း ၊ အစာရှာကာ ဆောင်ယူရောက်ရှိ
သိုက်မြုံဆီကို နှုတ်ခမ်းချင်းတေ့ ခွံ့ကျွေးရှာတယ် ဘယ်မှာမေ့ရက်နိုင်ပါ့မလဲ
အို.....မိဘမေတ္တာ...ကြီးမားပုံရယ်....။
အာရုဏ်လင်းတိုင်း မိုးသောက်ခဲ့လဲ၊ နလုံးမရွှင် တေးလဲ မမြည်နိုင်ခဲ့
လွမ်းစိတ်ရယ်များ စိုးမိုးနိုင်အားတယ်။ နေ့ရှိသရွေ့ အထီးကျန်ဆန်
မေတ္တာငံရည်တွေ မျိုကာချလို့ ဖြေသိမ့်နေရှာတဲ့.......။

--------------------------------------

## လက်ကိုင်

**လက်ကိုင်** *Samuel Soe Lwin*

ကမ္ဘာအရပ်ရပ်မှာ စစ်မက်ဘေးဒဏ် ရမက်ရန်ဆွယ်များ
သောင်းကျန်းဖြစ်နေ ခေတ်အခြေတွင်၊
ရရာလက်နက် ဒုတ်ဓါး ဖက်တော့
မအေးရန်ဘေး မီးထပ်မွေးသည်၊
ဘယ်သို့ငြိမ်းသတ်နိုင်မည်နည်း။
သမ္မာကျမ်းဖတ်မှတ် သခင့်စကားအမှန် ဖြစ်မည်ကေန်မို့
ဆူဆူပူပူ ခေတ်ကထူလည်း။ မေတ္တာတရား လက်ကိုင်ထားလျှက်
ဝေဌအကျွတ်တရား သင် ဆင့်ကမ်းမှ ကမ္ဘာမြေငြိမ်းဖြေစ်လေမည်။

၁၁ နှစ်ပြည့် ကျေးဇူးစကား

## ထာဝရအဖေပေါ်

**ထာဝရအဖေပေါ်**


သင်၏လေးလံသည့်ဝန်ထုပ်ဖြင့်သင်တဦးတည်းအားလုံးခံစားနေရပါသလား။
မသိသေးသောအန္တရာယ်ရှိသည့်ဆိပ်ကမ်းတွင်သင်သည်ခရီးသွားနေရပါသလား။
ရုန်းကန်မှုများထဲတွင်သင်ဘဝ၏ကြီးထွားမှုလျော့နည်းနေပါသလား။
ကိုယ်တော်သည်သစ္စာရှိ၍ မှန်ကန်သောဆုတောင်းချက်တိုင်းကိုနားညောင်းနေပါသည်၊
ကျွန်ုပ်တို့၏အနားမှာရှိသောကိုယ်တော်၏မေတ္တာ၌ခိုလှုံလျှက်
တစ်နေ့လုံးလျှောက်လှမ်းနိုင်သည်။ အားငယ်သည့်အခါကိုယ်တော်ထံချဉ်းကပ်ပါ။
ကိုယ်တော်သင့်ကို မစနေပါသည်။
သင့်အသက်တာ၌ဝမ်းနည်းခြင်း၊မျှော်လင့်ခြင်းကင်းမဲ့မှုဖြစ်နေပါသလား။
သင့်ရှေ့ရေးက ဖိစီး၍စိုးရိမ်ပူပန်နေရပါသလား။
သင် ပင်ပန်းနေပါသလား။ မိတ်ဆွေမဲ့နေပါသလား။
သင်၏လမ်းခရီး ပျောက်ဆုံးလုဖြစ်နေပါသလား။
ခရစ်တော်ထံ ယခုလာပါ။ ထိုအရှင်သင့်ကို မစပါလိမ့်မည်။ မဿဲ၁၁း၂၈

--------------------------------------------------

## ဘဝ

**ဘဝ** *(Thian Hnem Par သဲမြတ်မွန်)*

ချစ်သော မိသားစု ကျောခိုင်း ချန်လှပ် ။ လှမ်းလျှောက်လာခဲ့ စေခိုင်းရာ စင်ကာပူသို့
ကြုံလာသမျှ နေ့ရက် ခါးသီးမိ၏။ ဘဝ ဟူသည့် ပုံရိပ်တော်ကို ရင်မဆိုင်ရဲတော့
စာတန် လှည့်ကွက်။ သို့သော် - ချစ်သော ကိုယ်တော် ချစ်ခြင်းမေတ္တာရှင်
ရှာဖွေတွေ့ရှိခဲ့ ကျွန်ုပ် တမ်းတသည်က လောကီအရာမဟုတ်
ကိုယ်တော်၏ ငြိမ်သက်ခြင်း ပေတည်း။
ကိုယ်တော်ပေးသည့် ခွန်အား ရင်တွင်းပိုက်ဝယ်၊ လာစမ်း ခက်ခဲခြင်း
လာစမ်း မစုံလင်သော ဘဝ။ လာစမ်း ရောဂါ။ လာစမ်း နှောက်ယှက်ခြင်း
ကျွန်ုပ်အတွက် ယင် နားသလောက်။ နေ့စဉ် ရက်ဆက် ပျော်ရွှင် ပြုံးပြ
ကိုယ်တော် အလိုအရ အသက်ဆက်ရှင် ကိုယ်တော်အတွက် ဆောင်ရွက်ဖို့။



--------------------------------------------

## မှတ်တမ်းဝင်အချစ်

**မှတ်တမ်းဝင်အချစ်** *(ကနခ)နန်းရထိုက်*


ရိုမီယိုနှင့် ဂျူးလီယက်လို ချစ်သူ။ ဂျက် နှင့် ရို့စ် လို ချစ်သူ
လီရိုနာဒိုနှင့် ကိတ်ဝင်းစလက်လို ချစ်သူ ကမ္ဘာ မကျော်ချင်ဘူး။
ကမ္ဘာပေါ်မှာ ချစ်တတ်သူ တကာတို့ထက် အီလက်ထရောနစ် ခေတ်ကြီးထဲမှာ
လေဆာနှင့် အင်တာနက်ပေါ်က ချစ်ခြင်းထက်
ယာကုပ်လို အချစ်မျိုး နှစ်ပေါင်း ထောင်ချီကြာသော်လဲ၊ သမိုင်း မှတ်တမ်း ဝင်နေဆဲ။

----------------------------------------

## သင်ခန်းစာ

**သင်ခန်းစာ** *ချစ်လင်းလေး*

ကလေးငယ်ဘဝ၊လမ်းလျှောက်သင်ချိန်မှာ
အမေရဲ့ဖေးမမှုကြားက အကြိမ်ကြိမ်လဲကျလို့ နာကျင်စွာနဲ့ ငိုခဲ့ဘူးတယ်။
လူငယ်ဘဝ စက်ဘီးစီး သင်ချိန်မှာလဲ အဖေဘေးက ထိန်းပေးနေရင်း
ခြေထောက်မှာရတဲ့ ဒဏ်ရာကြောင့် ညည်းညူခဲ့ဘူးတယ်။
လူငယ်ဘဝ အပျိုသင်ချိန် ရောက်ခဲ့ချိန်မှာ သခင်ပွဲကိုင်
စောင့်မနေရင်းကနလုံးသားမှာဒဏ်ရာရလို့ ကြေကွဲမိခဲ့ရဘူးတယ်။
မက်မောရင်ခုန် ကြည်နူးဖွယ်ရာလုပ်ရပ်တွေပြီးဆုံးသွားခဲ့ရင်တောင်-
စိတ်ဓါတ်ကြံ့ခိုင်မှုတွေရှိနေဆဲပဲဆိုရင်- ထိခိုက်နာကျင် ချော်လဲမှုတွေကြားက လျှင်မြန်စွာ ကြိုးစား၍ ရုန်းထရင်း။ နိမ့်မြင့်တွေရှိသောဘဝလမ်းမှာ ငြိမ်သက်ခြင်းဖိနပ်တစ်ရံနဲ့ အားအင်တွေ အပြည့်ရှိသောသခင့် လက်ကိုဆွဲကာ မျှော်လင့်မိရာ ပန်းတိုင်ဆီသို့ သာ။




--------------------------------------

## ပြင်ဆင်ပါ

**ပြင်ဆင်ပါ** F-Penny (Mizo)

ဘဝမှာ အကောင်းဆုံးအရာ မျှော်လင့်ခဲ့ရင်ဖြင့်
အဆိုးဆုံး အရာအတွက် ပြင်ဆင်ပါ။ သို့မှသာ ကြုံတွေ့ရတဲ့ အရာမှ
ခံနိုင်ရည်ရှိပြီး အရာအားလုံး၊ ဖြစ်စဉ် ဖြစ်မြဲ ဖန်ဆင်းရှင်သခင်ရဲ့
အလိုတော်အတိုင်း မှတ်ယူတတ်မှာ အမှန်မို့



**သခင့်စကား** စာစောင်အား ၂၀၀၁ခုနှစ် စက်တင်ဘာလတွင် စတင်ဖြန့်ချိခဲ့ပါသည်။ စာစောင် စတင်သည့်နေ့မှစ၍ **၁၁နှစ်** တင်းတင်း ပြည့်သည့်တိုင်အောင် အစေခံခွင့်ပေးသော အဖဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ စာစောင် အတွက်လိုအပ်သော အလှူငွေ၊ စာမူ၊ မိတ္တူကူးခြင်း၊ ဖြန့်ဝေပေးခြင်း၊ စာစီစာရိုက်ခြင်းများတွင် ပါဝင် ဆက်ကပ်ပေးကြကုန်သော ဆရာ၊ မိဘ၊ ညီအစ်ကို၊ မောင်နှမ၊ အသင်းတော်၊ မိတ်သဟာယအားလုံးနှင့်တကွ ဖတ်ရှုခွန်အားယူကြကုန်သော နိုင်ငံတကာမှ စာဖတ်ပရိတ်သတ်များအား အထူးကျေးဇူးတင်ကြောင်း ဖော်ပြမှတ်တမ်းတင်လိုက်ပါသည်။ (မင်းအောင်သက်လွင်)



အဆိုးကြုံတွေ့ အကောင်းခံစား အနီးဆုံးမှာ ဘယ်သူရှိလဲ။
မဖြစ်သေး၊ ဖြစ်နေဆဲ၊ ဖြစ်ပြီးခဲ့ အရာသုံးပါးအတွက် ရောင့်ရဲ နှလုံးသား
ခံနိုင်ရည်ရှိဖို့ကယ်တင်ရှင် သခင်ကို နှလုံးသားမှာ ဖိတ်ခေါ် လက်တွဲရင်း
အသက်တာ ဘ၀ ပြင်ဆင်ကာရယ် လျှောက်လှမ်းတတ်ကြပါစို့ ။

---

## သခင့်စကားတန်ဖိုးထား

*ဇီးရိုး*

စင်ကာပူရောက် မြန်မာ ခရစ်ယာန်အများစု သိထားတဲ့ တစ်လ တစ်စောင် အခမဲ့ ဖြန့်ချိနေတဲ့ သခင့်စကား စာစောင်ဟာ ၂၀၁၂ စက်တင်ဘာလမှာ ၁၁နှစ် တင်းတင်း ပြည့်ခဲ့ပြီ ဖြစ်ပါတယ်။ စင်ကာပူမှာ ရှိနေတဲ့ မြန်မာတွေရဲ့ ခံစားမှု လှုပ်ရှားမှု တစ်ချို့ကို ဒီစာစောင်ကနေ တဆင့် ခံစားသိရှိလို့ရပါတယ်။ သခင့်စကား မတိုင်မီ အခြားအခြားသော စာစောင်တွေနဲ့ မဂ္ဂဇင်းတစ်ချို့ကို ကြိုကြားကြိုကြား ထုတ်ခဲ့ပေမဲ့ သက်တမ်း ရှည်ရှည် မထုတ်နိုင်ဘဲ ရပ်သွားတာ များပါတယ်။ စင်ကာပူနိုင်ငံ မှာ ၁၁နှစ်တာ ကာလ အတွင်း မရပ်မနားဘဲ ဆက်တိုက် ထုတ်ဝေခဲ့တဲ့ စာစောင် တွေထဲမှာ သခင့်စကား စာစောင်တစ်ခုတည်းသာလျှင် သက်တမ်းရှည်ရှည် ထုတ်ဝေ နိုင်တာလို့ ဆိုရင် မှားမယ် မထင်ပါဘူး။ ဒီ သခင့်စကားစာစောင်ဟာ အသင်းတော်မှာ အခမဲ့ ထုတ်ဝေပေမဲ့ စာစောင်ရဲ့တန်ဖိုးဟာ နည်းပေမဲ့။ အလကား ထုတ်ရတာ မဟုတ်ပါဘူး။ စင်ကာပူမှာ ဘယ်အရာမဆို အလကား မရသလို သောက်ရေတောင် ငွေနဲ့ ဝယ်သောက်နေချိန်မှာ (မြန်မာပြည်မှာ လက်ဘက်ရည်သောက်ရင်ရေနွေးကြမ်း အခမဲ့ သောက်လို့ရသေးတယ်) ဒီစာစောင်လေးဟာလဲ ထိုက်သင့်တဲ့ တန်ဘိုး ရှိပါ တယ်။ စင်ကာပူမှာ တော်ရုံ မိတ္တူကူးဆိုင်မှာ တစ်မျက်နှာကို ၁၀ဆင့် ပေးရတယ်။ စာစောင် ၆မျက်နှာ ရှိတဲ့အတွက် ၆၀ဆင့် ကျပါတယ်။ အစောင် ၅၀၀ ဆိုရင် ဒေါ်လာ ၃၀၀။ မြန်မာငွေကျပ် ၂သိန်း နီးပါး ကျပါတယ်။ ဘာ့ကြောင့် ဒီလိုရေးဖြစ်သလဲ ဆိုတော့ တလောက လမ်းဘေး တစ်နေရာ မှာ သခင့်စကားစာစောင်ကို အခမဲ့ရလို့ တန်ဖိုးမထားဘဲ လမ်းဘေး အမှိုက်ပုံးနားမှာ လွှင့်ပစ် ထားတာတွေ့လိုက်ရလို့ပါ။ မိတ်ဆွေတို့ သံရုံးမှာ ပတ်စ်ပို့ သက်တမ်း တိုးရင် ICA နဲ့ သံရုံးတွေမှာ မိတ္တူကူးရင် တစ်မျက်နှာ ၂၀ဆင့် ပေးရပါတယ်။ သခင့်စကားက ၆မျက်နှာ ဆိုတော့ ၁.၂၀ ဒေါ်လာ ကျပါတယ်။ မြန်မာငွေ ကာလ ပေါက်ဈေး စင်ကာပူ တစ်ဒေါ်လာ ၆၀၀ကျပ်နှုန်းနဲ့ အကြမ်းဖျင်း တွက်ရင် စာစောင် တစ်ခုကို မြန်မာငွေ ၇၂၀ကျပ် ကျပါတယ်။ ဈေးအပေါဆုံး မိတ္တူကူးခ တစ်မျက်နှာ ၃ဆင့် နှုန်းနဲ့ တွက်ရင် စာစောင်တစ်ခုကို ၁၈ဆင့် ကျပါတယ်။ မြန်မာငွေနဲ့ဆိုရင် (တစ်ဒေါ်လာ ၆၀၀ကျပ်နှုန်း) ၁၀၈ကျပ် ကျပါတယ်။ ဒါတောင် စာရိုက်ခ။ သယ်ယူ ပို့ဆောင်ရေး အထွေထွေ စရိတ်တွေ မပါသေးပါဘူး။ တစ်လောက မြန်မာပြည်က အထည်ချုပ်သမားတွေရဲ့ ဝင်ငွေကို အင်တာ နက်မှာ တွေ့လိုက်ရပါတယ်။ တစ်နာရီ လုပ်ခကို အတိအကျ မမှတ်မိပေမဲ့ သခင့်စကား စာစောင်ရဲ့ အနိမ့်ဆုံး ကုန်ကျငွေဟာ အထည်ချုပ်လုပ်သားတွေရဲ့ တစ်နာရီ လုပ်ခထက် များနေပါသေးတယ်။ ကမ္ဘာ့ ချမ်းသာသူများ စာရင်းဝင် စင်ကာပူနိုင်ငံက လမ်းထောင့် အမှိုက် ပုံးမှာ 3R (Reduce, Reuse, Recycle) ဆိုတဲ့ အမှိုက်ပုံးတွေကို တွေ့နိုင်ပါတယ်။ စာရွက် တစ်တန်ဟာ သစ်ပင်ကြီး ၁၇ပင်နဲ့ ညီမျှတယ်လို့ ရုံးတွေမှာ စက္ကူ ချွေတာဖို့ ဆိုင်းဘုတ် တပ်ထားတာကို အတုယူဖို့ကောင်းပါတယ်။ စာစောင် အဟောင်း ဖတ်ပြီး လို့ အသုံးမလိုတော့ရင်လဲ ဘုရားကျောင်းကို ပြန်ယူလာခဲ့လို့ရပါတယ်။ မဖတ်ရ သေးသူ တွေအတွက် စာစောင်အဟောင်းဟာ အသစ်ဖြစ်သွားပါတယ်။ ကိုယ် ဖတ်ပြီးသား စာစောင် ကို မြန်မာပြည်နဲ့ စင်ကာပူက မိတ်ဆွေတွေဆီ စာတိုက် ကနေ တဆင့် ပို့ပေးလိုက်ရင်လဲ ရနိုင်ပါတယ်။ ဘုရားကျောင်းမှာ ကျန်ခဲ့တဲ့ စာစောင်ကို အဖ သင်းအုပ်က ဆဲလ်အဖွဲ့နဲ့ ထိုင်းစူနာမီရှာ၊ မလေးရှား စတဲ့ နေရာတွေကို ယူသွား ပေးပြီး အခြား သူတွေကို ဝေငှ ဖတ်စေခဲ့ပါတယ်။ အပိုအလျှံ အလကားဖြစ်တာမရှိပါဘူး။ သခင့်စကားကို အခုဆိုရင် အင်တာနက် အီးမေးလ် ဖေ့စ်ဘုတ် တွေကနေ ဖတ်ယူ နိုင်ပြီမို့ အင်တာနက် သုံးနိုင် သူတွေအတွက် Hard copy တွေကို အလကားမယူဘဲ အင်တာနက် မသုံးနိုင် သူတွေကို ဦးစားပေးရမှာ ဖြစ်ပါတယ်။ မိသားစုဝင်တွေ လင်မယားတွေအနေနဲ့လဲ တစ် ယောက်က ယူပြီးသွားရင် နောက်တစ်ယောက်က ထပ်မယူဘဲ (တစ်အိမ် တစ်စောင် နှုန်း) နောက် လူတွေ အတွက် ချန်ထားခဲ့ဖို့ ဖြစ်ပါတယ်။ ကြားဖူးတဲ့ စကားပုံထဲမှာ ချွေတာတယ် ဆိုတာ ပင်အပ်ဖျားမှာ ရှိတဲ့ သံမှုန်တွေကို ပြန်ခြစ် ယူပြီး ပြန်သုံးရမယ်တဲ့။ သခင့်စကား စာစောင်ကို တန်ဖိုးထားပြီး သခင်ယေရှုပြောတဲ့ စကားများကို နာခံ လိုက်လျှောက်သူများ ဖြစ်နိုင် ကြပါစေလို့။ ။ ဇီးရိုး (၂၁ မေလ ၂၀၁၂)

---

## ဘုရားရှင်မြတ်



ဘုရားရှင်မြတ် *Samuel Soe Lwin*

***၁။ ဘုရားရှင်နှင့်စပ်လျဉ်း၍ မှားယွင်းသော အယူအဆများ။***

ဘုရားရှင်နှင့်စပ်နွယ်၍ မှားယွင်းသောခံယူချက်များရှိကြပါသည်၊ ၎င်းတို့အတွင်းမှ အချို့ကိုဖော်ပြရပါလျှင်။ က။ **Atheism** ဝါဒကား ဘုရားမရှိဟူ၍ ခံယူယုံကြည်ချက်ဖြစ်သည်၊ "ဘုရား မရှိဟု မိုက်သော သူသည် ထင်တတ်၏" (ဆာလံ ၁၄း၁ )။

ခ။ **Agnosticism** ဝါဒကား ဘုရားရှိသည်ကိုဉ်း၊ မရှိသည်ကိုဉ်း မသိနိုင်ဟု ခံယူ ချက်ကို ဆိုလိုသည်။ ဂ။ **Polytheism** ဝါဒကား ဤလောကတွင် ဘုရားမြောက်များစွာ ရှိသည် ဟူ၍ ခံယူ ချက်ပင်ဖြစ်သည်(ရောမ ၁း၂၃ )။ ဃ။ **Pantheism** ဝါဒသည်ကား အရာ အားလုံး တို့သည် ဘုရားဖြစ်သည် ဟူ၍ ဆိုကာ ယုံကြည်ခြင်းပင်ဖြစ်သည်။

င။ **Liberalism** ဝါဒသည်ကား လူတိုင်း ဓလေ့ထုံးတမ်းတို့ဖြင့် ခြားနားစွာ ကိုးကွယ် ကြသော်လည်း အားလုံးသည် တစ်ဆူတည်းသော ဘုရားကိုသာ ကိုးကွယ်ကြခြင်း ဖြစ်သည်ဟု ယုံကြည်ချက်ကိုဆိုလိုခြင်း ဖြစ်သည်။

***၂။ ဘုရားနှင့်စပ်လျဉ်း၍ မှန်သောယုံကြည်ခြင်း။***

ဘုရားသည် တစ်ဆူတည်းဖြစ်၏ ဆိုသည်နှင့်အညီ တန်ခိုးတော်အစ ဉာဏ်တော် အစုံတို့နှင့်လည်း ပြည့်စုံပြီး အရာခပ်သိမ်းကို ဘုန်းတော် အတွက်ဖန်ဆင်း၍ လူသားတို့အား သူ၏ ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခဲ့သည့်အရှင်ဖြစ်သည်။ ကယ်တင်ခြင်းလမ်းကိုလည်း ပြင်ဆင်ပေးခဲ့ပြီး အိုနာသေခြင်း ကင်းရာ ထာဝရကာလအထိ လူနှင့် ဘုရား ပေါင်းစည်းစံပျော်ရန် အကြံတော်မြတ် ရှိတော်မူ၏။

***၃။ ဘုရားရှင်အားသိကျွမ်းခြင်း။***

လူတိုင်းမွေးရာပါ နာမ်အသိစိတ်ဖြင့် ဘုရားကိုရှာဖွေကြပါသည်၊ အချို့က ၎င်းနာမ် အသိစိတ်ကို လျစ်လျူရှုပြီး ဘုရားမဲ့ဖြင့် အသက်ရှင်ကြသလို အချို့ကလည်း ဘုရားရှင်အား သိရန် ကြိုးစားရှာဖွေကြပါသည်။ ရံဖန်ရံခါ ဘုရားနှင့် စပ်လျဉ်းသော အတွေးအခေါ်တို့သည် မှားယွင်းသောနေရာများမှ ဖြစ်တတ်ကြ၍ သမ္မာ သမ္မတ်ကျသည်ဟူ၍ မဆိုနိုင်ပါလေ။ အချို့က ရိုးရာ ဓလေ့ကိုအခြေခံ၍၎င်း၊ အချို့က ပုဂ္ဂိုလ် တဦးဦးတို့၏ သွန်သင်ချက်တို့အားဖြင့်၎င်း ဘုရား အကြောင်းကို သိရှိကြပြီး၊ အချို့မှာ မိမိတို့၏ အစွမ်းအစတွင် အခြေခံကာနှစ်သက် သဘောကျ ရာအတိုင်း ဆုံမှတ်အဖြစ်စွဲကိုင်ယုံကြည်ကြသည်။ ခြားနားသော ထိုယုံကြည်ချက်တို့တွင် ဘုရားနှင့် စပ်လျဉ်း၍ အဘယ်အရာက စိတ်ချယုံနိုင်ပါ တော့အံ့နည်း။ တစ်ဆူသောဘုရားသည် ဩကာသ လောက၊ သတ္တလောက၊ အသင်္ခါရလောက တို့ကို ဖန်ဆင်းခဲ့ပါက သူ၏ အကြောင်းနှင့် စပ်လျဉ်းသော အရာများအား ကျွန်ုပ်တို့ သိရှိ စေလိုပေမည်။ ထို့ကြောင့် လူသား တို့အားသိနိုင်စေရန် ဘုရား၏ အဖြစ်တော်၊ ထားရှိ တော်မူသော မေတ္တာတော်၊ ကရုဏာတော်၊ ကျေးဇူးတော်ဂုဏ်တော်အဖြာဖြာတို့ကို နည်းလမ်း သုံးသွယ်ဖြင့် ဖွင့်ပြတော် မူထားပါသည်။

**(က) သဘာဝတရားဖြင့် ဖွင့်ပြခြင်း။**

ရောမ ၁း၁၉–၂၀"––ဖန်ဆင်းတော်မူသော အရာများကို ထောက်ရှုသဖြင့်၊ ထာဝရ တန်ခိုး တော်နှင့် ထာဝရ အဖြစ်တော်တည်းဟူသော မျက်မြင်မရသော ဘုရားသခင်၏ အရာတို့သည် ကမ္ဘာတည်သည့် ကာလမှစ၍ ထင်ရှားလျက်ရှိကြ၏၊ ဆာလံ ၁၉း၁ – ၆ "မိုးကောင်းကင်သည် ဘုရား သခင်၏ ဘုန်းအသရေတော်ကို ကြားပြော၍၊ မိုးမျက်နှာကျက်သည် လက်တော်နှင့် လုပ်သော အရာ များကိုပြသ၏" ထို့ကြောင့် လောကဓါတ် တည်ရှိ ဖွဲ့စည်းပုံကို ကြည့်ခြင်း အားဖြင့် ကြယ်၊ နက္ခတ် တာရာ နှင့် အရာအားလုံး၏ အံ့ဩဘွယ် နောက်ကွယ်တွင် ဘုန်း အာဏာဘော်တော်နှင့် ပြည့်စုံ တော်မူသော ဘုရားရှိကြောင်းကို ရိုးသားစွာ ကြည့်ရှု သူတိုင်း မြင်တွေ့ နားလည် နိုင်ပေသည်။

**(ခ) ခရစ်တော်အားဖြင့် ဖွင့်ပြခြင်း။**

"နှုတ်ကပါတ်တော်သည်လည်း၊ လူ့ဇာတိအဖြစ်ခံယူ၍ ခမည်းတော်၌ တပါးတည်းသော သားတော်၏ ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည်မြင်ရကြပြီ"( ယော ၁း၁၄)။ တဖန် ခရစ်တော် ဘုရား ကိုယ်တော်တိုင်က ဖိလိပ္ပု အား"ငါ့ကိုမြင်သောသူသည် ခမည်းတော်ကို မြင်၏" ယော ၁၄း၉ "ဘုရားသခင်သည် ခရစ်တော်အထဲ၌ ရှိနေလျက်" ဟူ၍လည်း တမန် တော်ကြီး ပေါလုက ၂ ကော ၅း၁၉ တွင် အတိအလင်းဆိုခဲ့လေသည်။

**(ဂ) သမ္မာကျမ်းစာတော်မြတ်အားဖြင့်ဖွင့်ပြခြင်း။**

သမ္မာကျမ်းစာ မြတ်၌ကား "ဘုရားရှင်၏ စကားတော် " ဖြစ်ကြောင်း အတိအလင်း ဆိုထား ပါသည်။" ဘုရားသခင်၏ စကားတော်ကိုနာ၍ ကျင့်စောင့်သောသူသည် မြတ်စွာသော မင်္ဂလာ ရှိသည် " ( လုကာ ၁၁း၂၈)။ "အစအဦး၌ ဘုရားသခင်သည်... "ဟူ၍၎င်း ၁၀ ကြိမ်တိုင်တိုင်၊ နောက်စကားစုတို့၌ကား တဖန်ဘုရားသခင် မိန့်တော်မူသည်... "ဟူ၍ ဖော်ပြပါရှိပြီး သမ္မာကျမ်းစာ တအုပ်လုံးတွင် ဘုရားရှင်၏ အကြံအစည်နှင့် အလိုတော်ကို လူသားများအား ဖွင့်ပြထားကြောင်း သိနိုင်ပါသည်။ ဘုရားရှင်သည် သူ၏ အကြောင်းအရာများကို လူသားတို့ သိရှိ စေရန် လေးဖက်လေးတန်မှာရှိသော ဖန်ဆင်းခြင်းအရာများအားဖြင့်၎င်း၊ သားတော် ယေရှုခရစ် အားဖြင့်၎င်း၊ တဖန်ဘုရားရှင်၏ စကားတော်ဖြစ်သည့် အမှား အယွင်းမရှိ နှုတ်ကပါတ်တော် သမ္မာကျမ်း အားဖြင့်၎င်း၊လူသားတို့အား ဖွင့်ပြခဲ့ပါသည်။

**နံ့ဝိညာဉ်ဖြစ်သောဘုရား။** "ဘုရားရှင်သည် နံ့ဝိညာဉ်ဖြစ်တော်မူ၏၊ ဘုရားသခင်ကို ကိုးကွယ် သောသူတို့သည်၊ နံ့ဝိညာဉ်နှင့်၎င်း၊ သစ္စာနှင့်၎င်း ကိုးကွယ်ရမည်"ဟူ၍ ခရစ်တော် ကိုယ်တော် တိုင် မိန့်တော်မူခဲ့ပါသည် (ယော ၄း၂၄ )။

**ပုဂ္ဂိုလ်ဖြစ်သောဘုရား။** ကျွန်ုပ်တို့ပုံမှန် အားဖြင့် ရုပ်ခန္ဓာအား ပုဂ္ဂိုလ် သတ္တဝါအဖြစ် တွေးခေါ် လေ့ရှိပါသည်။ ကိုယ်ခန္ဓာချို့ယွင်းနေသော မသန်မစွမ်းများသည်လည်း မည်သို့ပင်ဖြစ်စေ ပုဂ္ဂိုလ် သတ္တဝါ ဖြစ်မြဲဖြစ်လျက် ပါလေ။ ၎င်းနည်းအတိုင်းပင် လူသည် ဤလောကမှ ဘဝတပါးသို့ ပြောင်းသွား သော်လည်း လူပုဂ္ဂိုလ်သတ္တဝါ အဖြစ်ကားတည်ရှိနေမြဲပင်ဖြစ်သည်။ ပုဂ္ဂိုလ်ဖြစ်ခြင်း၌ အသိဉာဏ်၊ စိတ်၊ ဆန္ဒတို့ ပါဝင်သည်၊ ဘုရားအဖြစ်တော်တို့၌လည်း ထိုအဖြစ်တော် ပါဝင် နေသည်။



*သခင့်စကား* ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၃၃ စက်တင်ဘာလ ၂၀၁၂ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွင်း အခမဲ့ဖြန့်ချိရန် **ကန့်သတ်** ထုတ်ဝေသည်။

( ၁ ) **အသိဉာဏ်ရှိခြင်း။** ဘုရားရှင်သည် ပုဂ္ဂိုလ်ဖြစ်သည့်အတွက် စဉ်းစား တွေးခေါ်စွမ်း ရှိတော်မူ၏ "လာကြတရား စီရင်ကြကုန်အံ့ "ဟူ၍ ဟေရှာယ ၁း၁၈ တွင်ကျွန်ုပ်တို့ အား ဖိတ်ခေါ်နေပါသည်။ တဖန် ဟေရှာယ ၅၅း၈–၉ တွင်လည်း "ငါ၏ အကြံအစည်သည် သင်တို့၏ အကြံအစည်နှင့်မတူ… ငါ၏ အကြံအစည်သည် သင်တို့၏ အကြံအစည်ထက်သာ၍ မြင့်၏" ဟူ၍ အတိအလင်း ပရောဖက် ဟေရှာယ ကပြောကြားခဲ့ပါသည်။

( ၂ ) **ခံစားနိုင်သောစိတ်ရှိခြင်း။** ဆာလံ ၂း၉ တွင် " အမျက်တော်"ကိုငင်း၊ ကမ္ဘာဦး ၆း၆ တွင် "ဝမ်းနည်း တော်မူခြင်း" ကိုငင်း တဖန် တရားဟောရာ ၂၈း၆၃ "ထာဝရဘုရား ပျော်မွေ့ တော်မူခြင်း" ကိုငင်း သိမြင်နားလည်နိုင်ပါသည်။

( ၃ ) **ဆန္ဒအလိုရှိခြင်း။** ဒံယေလ ၁၁း၁၆ တွင် ဘုရားရှင်သည် သူ၏ အလိုတော်နှင့်အညီ လုပ်ဆောင်ကြောင်း ဖေါ်ပြထားသည့်နည်းတူ၊ ရောမ ၁၂း၂ တွင် " ကောင်းမြတ်သောအရာ၊ နှစ်သက် ဖွယ်သောအရာ၊ စုံလင်သော အရာတည်း ဟူသော ဘုရားသခင် အလိုတော် ရှိသော အရာ" များကို ရှင်ပေါလုက ညွှန်ပြယုံသာမက ဘုရားရှင်၏ အကြံအစည်တော် အလိုတော် တို့သည် "ခပ်သိမ်းသော အရာတို့သည် ကိုယ်တော်အထဲကငင်း၊ ကိုယ်တော်အားဖြင့်ငင်း၊ ကိုယ်တော်အဘို့ငှါငင်း ဖြစ်ကြ၏ " (ရောမ ၁၂း၃၆ ) ဟူ၍ ဆိုထားပါသည်။

**သုံးပါးတစ်ဆူဖြစ်တော်မူသောဘုရား။** မူရင်းဟေဗြဲစကား "Elohim" ဆိုသောစကားလုံးမှာ အများကိန်း နာမ်စားဖြစ်ပြီး၊ ဘုရားဆိုသော အနည်းကိန်းဖြင့်သာ တည်ရှိပါသည်။ "သို့ဖြစ်လျှင် ကောင်းကင် ဘုံ၌ ခမည်းတော်တစ်ပါး၊ နှုတ်ကပါတ်တော်တစ်ပါး၊ သန့်ရှင်းသော ဝိညာဉ်တော် တစ်ပါး၊ သက်သေခံ သုံးပါးရှိ၍ ထိုသုံးပါးတို့သည် တလုံးတဝတည်း ဖြစ်တော်မူ၏ "ဟူ၍ ၁ ယော ၆း၇ တွင် ဆိုထားပါသည်။

( ၁ ) **ခမည်းတော်ဘုရား။** မြောက်များစွာသော သမ္မာကျမ်းပိုဒ်တို့သည် ခမည်းတော်အား ဘုရား ဖြစ်တော်မူကြောင်းကို ဖေါ်ညွှန်းကြလေသည်။ ယော ၆း၂၇၊ ဖေက် ၆း၂၃၊ ဖိ ၂း၁၁ စသည်တို့တွင် အစရှိသဖြင့် အတိအကျမြင်တွေ့နိုင်ပေသည်။

( ၂ ) **သားတော်ဘုရား။** ရှင်ယောဟန် ၁း၁ တွင် " နှုတ်ကပါတ်တော်" သည် ဘုရားသခင် ဖြစ်တော် မူ၍ ထိုနှုတ်ကပါတ်တော်သည် လူ့ဇာတိအဖြစ်ခံယူကာ ငါတို့တွင် တည်နေတော်မူ သည်ဟု ယော ၁း၁၄ တွင် ခရစ်တော် ဘုရားအား ညွှန်းဆိုထားသည့် အတွက် ယော ၂၀း၂၈ တွင် "သောမကလည်း၊ အကျွန်ုပ်၏ အရှင်၊ အကျွန်ုပ်၏ ဘုရားသခင်ပါတကား"ဟု ပြန်လျှောက်လေ၏၊

( ၃ ) **ဝိညာဉ်တော်ဘုရား။** ရှင်ပေါလုက ကောရိန္သု အသင်းတော်ရှိ ယုံကြည် သူများအား ဘုရားရှင် ကျိန်းဝပ်ရာ ဗိမ္မာန်ဖြစ်ကြောင်းနှင့် ထိုဗိမ္မာန်၌ ဝိညာဉ်တော်ဘုရား ကျိန်းဝပ်ကြောင်း ( ၁ ကော ၃း၁၆–၁၇) တွင်ဆိုသည်ကို ထောက်ရှုခြင်းအားဖြင့် ဝိညာဉ်တော်သည် ဘုရားဖြစ်ကြောင်းညွှန်းဆိုထားလေသည်။

( ၄ ) **တစ်ဆူတည်းသောဘုရား။** သုံးပါးတစ်ဆူဘုရားအဖြစ် သမ္မာကျမ်းစာက ဖွင့်ပြသော်လည်း၊ ဘုရားသုံးဆူ ဟူ၍ လုံးဝ မသွန်သင်ပါ၊ "အို ဣသရေလအမျိုး၊ နားထောင်လော့၊ ငါတို့၏ ဘုရားသခင် ထာဝရဘုရားသည် တစ်ဆူတည်းသော ထာဝရ ဘုရားဖြစ်တော်မူ၏" ( တရား ၆း၄ ) ဟူ၍ သာဖြစ်လေသည်။ ၁ ကော ၈း၄ ၊ ဂလာ ၃း၂၀၊ ၁ တိ ၂း၅ ( ၅ ) **သုံးပါးတစ်ဆူဘုရား၏ အဖြစ်တော်။** ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော် ဟူသော အမည်နာမတို့သည် တစ်ဆူတည်းသော ဘုရားအား အမည်သုံးမျိုးဖြင့် ခေါ်ဝေါ် သမုတ် ထားယုံမျှ သာ မဟုတ်ပါ၊ သုံးပါးသည် တစ်ပါးနှင့် တစ်ပါး သီးခြားစွာသော ပုဂ္ဂိုလ် သုံးပါးပင်ဖြစ်ပါသည်။ ၎င်းအရာအတွက် ခရစ်တော် ဘုရားရှင်၏ နှစ်ခြင်းမင်္ဂလာခံယူ၍ပြီးနောက် ရေမှ ပေါ်ထစဉ်တွင် ကောင်းကင် ထက်မှ မိန့်တော် မူသော ခမည်းတော်ဘုရား၊ ချိုးငှက်ကဲ့သို့ ဆင်းသက်တော်မူသော ဝိညာဉ်တော်ဘုရား စသဖြင့် သုံးပါးတစ်ဆူဘုရား၏ အဖြစ်တော်ကို ကဏ္ဍာတခုစီ၊ ပုဂ္ဂိုလ်တဦးစီ အဖြစ်မြင်တွေ့နိုင်ကြပါသည် ( မဿဲ ၃း၁၆–၁၇)။

( ၆ ) **သုံးပါးတစ်ဆူဘုရား၏ လုပ်ဆောင်ချက်များ။** အဖြစ်တော်၊ ဂုဏ်တော်တို့တွင် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်တို့သည် တူညီကြသော်လည်း၊ လုပ်ဆောင်ရာ ကဏ္ဍာတို့တွင်ကား သီးခြားစီတွေ့မြင်နိုင်ပါသည် " သခင်ယေရှုခရစ်၏ ကျေးဇူးတော်ငင်း" "ဘုရားသခင်၏ မေတ္တာတော်ငင်း" "သန့်ရှင်းသော ဝိညာဉ်တော်၏ မိတ်သဟာယတော်ငင်း" ဟူ၍ ကဏ္ဍာများကို ခွဲခြားကွဲပြားစွာ တွေ့မြင်ရပါသည်၊ ကယ်တင်ခြင်းတွင်ကြည့်ပါက၊ ခမည်း တော်၏ အကြံအစည်တော်၊ သားတော်ဘုရား၏ လုပ်ဆောင်ပေးမှုနှင့် ဝိညာဉ်တော်ဘုရားမှ ဒုတိယ မွေးဖွားခြင်းကို ဖြစ်စေခြင်းဖြင့်ငင်း မိသားစုအဖြစ်ယှဉ်ပြရာတွင် ဖခင်၊ သား ( ခရစ်တော်) နှင့် အစေခံ ( ဝိညာဉ်တော်) ဟူ၍ ရှုမြင်နိုင်ပါသည်။

### *ဘုရားရှင်၏ဂုဏ်အင်္ဂါတော်များ။*

**က။ အနာဂတံသဉာဏ်တော်။** သူ၏ ဖန်ဆင်းခြင်း အရာများကိုငင်း (သုတ္တံ ၃း၁၉–၂၀ ) ကျွန်ုပ်တို့၏၊ ထခြင်း ထိုင်ခြင်းကို ဒိဗ္ဗစက္ခုဟူသော သူ၏ ဉာဏ်တော်ဖြင့်ငင်း၊ ပြောခြင်း၊ ဆိုခြင်းကို ဒိဗ္ဗသောတဟူသော အကြား အာရုံအားဖြင့်ငင်း၊ သိကျွမ်းတော်မူလေသည် ( ဆာလံ ၁၃၉း၁–၄)။ဘုရားရှင်၏ ဉာဏ်တော်သည်ကား အတိုင်းအဆမဲ့ပင်ဖြစ်တော်မူသည် (ဆာလံ ၁၄၇း၅၊ တမန်တော် ၁၅း၁၈)။

**ခ။ အနန္တတန်ခိုးရှင်ဖြစ်ခြင်း။** ဘုရားရှင်သည် အရာခပ်သိမ်းတို့တွင် တန်ခိုးတော်အားဖြင့် စွမ်းဆောင်နိုင်တော်မူ၏၊ အာဗြဟံအား ဘုရားရှင်က "ထာဝရဘုရားမတတ်နိုင်သော အမှု တစုံတခုရှိသလော " ( ကမ္ဘာ ၁၈း၁၄) ဟူ၍မေးတော်မူခဲ့သည့်နည်းတူ " ကိုယ်တော်သည် အလုံးစုံ တို့ကို တတ်နိုင်တော်မူကြောင်းကိုငင်း… အကျွန်ုပ်သိပါ၏ "ဟု (ယောဘ ၄၂း၂ ) တွင် ယောဘက အဖြေပေးခဲ့သည့် စကားကို တွေ့မြင်နိုင်ပေသည်၊

**ဂ။ အနန္တမျက်မှောက်တော်ရှိခြင်း။** ဘုရားရှင်၏ မျက်မှောက်တော်သည် တချိန်တည်းတွင် နေရာ တိုင်း၌ ရှိတော်မူ၏၊ ယောနသည် ဘုရားမျက်မှောက်တော်မှ လွတ်ပြီဟု အထင်ဖြင့် ပြေးခဲ့ သော်လည်း၊ ဘုရားရှင်၏ မျက်မှောက်တော်က ထပ်ချပ်မကွာ ရှိနေပါသည်။ ရှင်ဘုရင်ဖြစ်သော ဒါဝိဒ်မင်းကြီးက "မျက်မှောက်တော်မှ လွတ်ခြင်းငှါ အဘယ်အရပ်သို့မျှ ကျွန်ုပ်မပြေးနိုင်" ( ဆာလံ ၁၃၉း ၇–၁၂ ) ဟု ဝန်ခံခဲ့ပါသည်။ "ငါသည် ကောင်းကင်မြေကြီးကိုနှံ့ပြားသည် မဟုတ်လော " ဟု ထာဝရဘုရား ကိုယ်တော်တိုင် ယေရမိ ၂၃း၂၄ တွင် မိန့်တော်မူခဲ့ပါသည်။

**ဃ။ ထာဝရတည်ရှိသောအရှင်။** ဘုရားရှင်မြတ်သည် " ရှေးကမ္ဘာအဆက်ဆက်မှစ၍ ပေါ်ထွန်း တော်မူသော သခင်ဖြစ်၏ "ဟူ၍ မိက္ခာ၅း၂ တွင် ဖေါ်ပြပါရှိပါသည်။ တဖန် လုကာ ၁း၃၃ တွင်လည်း "ထိုအရှင်၏ နိုင်ငံသည်လည်း ဆုံးခြင်း မရှိရဟုဆို၏"

**င။ သန့်ရှင်းတော်မူသောဘုရား။** " ဘုရားသခင်သည်…အပြစ်မှ ကင်းလွတ်၍ ဖြောင့်မတ်သော ဘုရား ဖြစ်တော်မူ၏ "(တရား ၃၂း၄)။ "ထာဝရဘုရားသည် သန့်ရှင်း တော်မူသည့်နည်းတူ သန့်ရှင်းခြင်း ရှိကြလော့" ( ၁ ပေ ၁း၁၅–၁၆)။

**စ။ တရားမျှတသောဘုရား။** "သူတို့ကို မတရားသောသူတို့ကဲ့သို့ ခံစေသောအမှုသည်၊ ကိုယ်တော်နှင့် ဝေးပါစေသတည်း" ဟူ၍ အာဗြဟံက လောတအရေးတွင် ဘုရားရှင်အား တောင်းဆို ခဲ့လေသည် ( ကမ္ဘာဦး ၁၈း၂၅) ။

**ဆ။ ကရုဏာအရှင်ဖြစ်တော်မူသောဘုရား။** ရှင်ယောဟန်က ရိုးရှင်းစွာဖြင့် နှစ်ကြိမ်တိုင်တိုင် "ဘုရားရှင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏" ဟူ၍ဖေါ်ပြထားလေသည် ( ၁ ယော ၄း၈၊ ၁၆)။

**ဇ။ သမ္မာတရားဖြစ်တော်မူသောအရှင်။** သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူထသောဘုရား" (ထွက် ၃၄း၆) ဟူ၍ မောရှေက ပြောခဲ့သည့်နည်းတူ၊ ယောဟန်ကလည်း "ကျေးဇူးတော်နှင့်ငင်း၊ သစ္စာတော်နှင့်ငင်း ပြည့်စုံလျှက်" ( ယော ၁း၁၄ ) ဟူ၍တွေ့ရသည်။

**ဈ။ ဘုန်းတန်ခိုးအာနုဘော်နှင့်ပြည့်စုံသောဘုရား။** သမ္မာကျမ်းစာ တခုလုံးတွင် ဘုရားရှင်သည် ဘုန်းအာနုဘော်ရှင် အဖြစ်ဖေါ်ပြထားသည်။ ချမ်းသာ၊ ဆင်းရဲ၊ နှိမ့်ချခြင်းစသည်တို့သည် ဘုန်းတော်မဟာ တန်ခိုးအားဖြင့် ပြုပြင်တော်မူကြောင်းကို ၁ ရာ ၂း၄–၉ တွင် တွေ့ရလေသည်။ ဒါဝိဒ်သည် ၎င်းအရာအားလုံးတို့သည် ဘုရားရှင်၏ ပိုင်သအုပ်စိုးမှုတွင် အခြေခံထားကြောင်း ၁ ချုပ် ၂၉ တွင် "အို ထာဝရဘုရား၊ ကိုယ်တော်သည် ဘုန်းတန်ခိုးအာနုဘော်၊ အောင်မြင်ခြင်း အခွင့်၊ အာဏာတော်နှင့်ပြည့်စုံတော်မူ၏။ ကောင်းကင်မြေကြီး၌ ရှိရှိသမျှကို ပိုင်သတော်မူ၏" ဟူ၍ ပါရှိလေသည်။ နှိမ့်ချခြင်းကိုခံရပြီး နောက်တွင် နေဗုခဒ်နေဇာက "နိုင်ငံတော်သည် ကမ္ဘာ အဆက်ဆက်တည်၏၊ မြေကြီးသား အပေါင်းတို့သည် ရှေ့တော်၌ အဘယ်မျှ မဟုတ်သကဲ့သို့ ဖြစ်ကြ၏၊ ကောင်းကင်ဗိုလ်ခြေတို့၌ငင်း၊ မြေကြီးသား အပေါင်းတို့၌ငင်း အလိုတော် ရှိတော်မူသည့် အတိုင်း စီရင်ပြုပြင်တော်မူ၏၊ လက်တော်ကို အဘယ်သူမျှ မဆီးတားနိုင်၊ အဘယ်သို့ ပြုသနည်းဟု ကိုယ်တော်ကို ဆိုနိုင်သောသူမရှိ" ဟူ၍ ဝန်ခံထားပါသည် (ဒံယေလ ၄း၃၄–၃၅)။

### *ဘုရားရှင်ဆောင်ရွက်သောအမှုများ။*

**က။ ဖန်ဆင်းခြင်း။** သမ္မာကျမ်းစာက ရိုးရှင်းစွာပင် ဘုရားသခင်က ဤအရာများကို ဖန်ဆင်းသည်ဟု ဆိုထားသောကြောင့် သမ္မာကျမ်းစာ၏ သွန်သင်ချက်ကို အကြွင်းမဲ့လက်ခံသော သူတို့က ယုံကြည်ခြင်းဖြင့် ဘုရားရှင်၏ နှုတ်ကပတ်တော်ကို သာလျှင်သက်ဝင် ယုံကြည်ကြသည်။

**ခ။ ထိန်းသိမ်းစောင့်မတော်မူခြင်း။** ဤလောက၌ ရှိသမျှသောအရာတို့သည် ပျက်စီးခြင်း၊ သေဆုံးခြင်း၊ ပျောက်ကွယ်ခြင်း တို့ကိုသာ ဦးတည်နေပါသည်။ သို့ပါသော်လည်း ပါတ်ဝန်းကျင်တွင် ဆက်လက်တည်ရှိနေသော အရာများကိုလည်း တွေ့မြင်ရပြန်ပါသည်။ နေဟမိ ၉း၆ တွင် "ကိုယ်တော် သာလျှင် ထာဝရဘုရား ဖြစ်တော်မူ၏၊ အမြင့်ဆုံးသော ကောင်းကင်နှင့် ကောင်းကင် ဗိုလ်ခြေ အပေါင်းတို့ကိုငင်း၊ မြေကြီးနှင့် မြေကြီးပေါ်မှာ ရှိရှိသမျှ တို့ကိုငင်း၊ ပင်လယ် နှင့် ပင်လယ်၌ ပါသမျှတို့ကိုငင်း ဖန်ဆင်းတော်မူ၏၊ အလုံးစုံတို့ကို စောင့်မတော်မူ၏" ဟူ၍ ပါရှိပါသည်။

**ဂ။ ထောက်မတော်မူခြင်းအကြံအစည်တော်။** ဘုရားရှင်၏ ထောက်မခြင်း လက်တော်သည် သူ၏ အကြံ အစည်တော်နှင့် အညီ လူသားတို့အပေါ် ထားရှိသော မေတ္တာ အရင်းခံပင်ဖြစ်သည်။ " သင်တို့သည် ကျွန်ုပ်ကို ညှင်းဆဲမည် ကြံကြသော်လည်း၊ ဘုရားသခင်သည် ယနေ့ဖြစ်သည့် အတိုင်း၊ လူသားများအသက်ချမ်းသာစေခြင်းငှါ ကျေးဇူးပြုမည်ကြံတော်မူ၏" ( ကမ္ဘာဦး ၅၀း၂၀) ဟု ယောသပ်သည် အကိုတို့အား စကားပြန်ဆိုခဲ့လေသည်။ အကယ်စင်စစ် "ဘုရားသခင်ကို ချစ်သောသူတည်းဟူသော ကြံစည်တော်မူခြင်း အတိုင်း ခေါ်တော်မူသော သူတို့၏ အကျိုးကို ခပ်သိမ်း သော အရာတို့သည် တညီတညွတ်တည်း ပြုစုကြသည်ကို ငါတို့သိကြ၏" ( ရောမ ၈း၂၈)။ သို့ရာတွင် မကြာမကြာ ယုံကြည်သူတို့က " ကံကောင်းခြင်း" "တိုက်ဆိုင်ခြင်း" စသည် တို့သည် အမှန်အားဖြင့် ဘုရားရှင်၏ ထောက်မခြင်းအကြံတော်ပင် ဖြစ်လေသည်။ ဤဖြစ်တော် ဂုဏ်တော် တို့အား လူတိုင်း သိရှိစေရန် သမ္မာ ကျမ်းစာ တွင် ဖွင့်ပြ တော်မူသည်သာမက အထံ တော်တွင် ထာဝရ အတူရှိရန် တပါးတည်းသော သား တော်ကို စေလွှတ်ပေးခဲ့သော ဘုရားရှင် ဘုန်းကြီး၍ မင်္ဂလာရှိပါစေသော်ဝ်။ *Samuel Soe Lwin*

-----------------------------------

## ယော ၃း၁၆

**ယော ၃း၁၆** Chit Lin Lay

*ဘုရားသခင်၏ သားတော်ကိုယုံကြည်သော သူအပေါင်းတို့ သည် ပျက်စီးခြင်း သို့ မရောက်၊ ထာဝရ အသက်ကိုရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။* **အလွန်ချမ်းအေးပြီး နှင်း မှန်တိုင်းများ အဆက်မပြတ်တိုက်ခတ်လျှက် လမ်းဘေးဓာတ်မီးတိုင် မှိန်မှိန်တို့၏ အောက်၌**



*သခင့်စကား* ဝိညာဉ်ရေး ရာ စာစောင်။ အမှတ်စဉ် ၁၃၃ စက်တင်ဘာလ ၂၀၁၂ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများ အတွင်း အခမဲ့ ဖြန့်ချိရန် **ကန့်သတ်** ထုတ်ဝေသည်။

ရှိသော ချီကာကိုမြို့၏ ဆောင်းည တည။ အအေးဓာတ်တို့ တစတစ ပြင်းထန်လာပြီး ဖြစ်သဖြင့် လမ်းမ၌ လူအသွားအလာ အလွန် ကျဲပါး လာပြီး ဖြစ်သော်လည်း လမ်းမထောင့် ဓာတ်မီးတိုင်အောက်၌ ဆင်းရဲသား ကလေးငယ် တဦးကုတ်ကုတ်လေးထိုင်ကာ သတင်းစာ များ ဆက်ရောင်းနေသေး။ ဆိုးရွားလှသော ရာသီဥတုဒဏ်ကြောင့် ယခင်နေ့များ ကဲ့သို့ သတင်းစာ များကို ကြိုးစား၍ကုန်အောင် မရောင်းနိုင်ချေ။ မေးခိုက်ခိုက်တုန်အောင် ချမ်းဇ လှသော ဒီဆောင်းတည အတွက် နွေးထွေးသော နေရာတခု၌ တစ်ညတာ အနားယူနိုင်ဘို့ တွေးတောရင်း ခပ်လှမ်းလှမ်း၌ ရပ်နေသော ရဲသားကြီးတဦးဆီသို့သွားကာ " ရဲသားကြီး ခင်ဗျား၊ ဆင်းရဲ နုံခြာလှတဲ့ ကျွန်တော့အတွက် တညတာ အိပ်စက်နားခိုနိုင်ဘို့ အနွေး ဓာတ်ကလေး ရနိုင်မဲ့ နေရာလေးတခုလောက်ရှိရင် သိခွင့်ပြုပါလား။ မဟုတ်ရင်တော့ ဟို လမ်းထောင့် နှင်းတောထဲက သေတ္တာဖုံးပေါ်မှာ အိပ်ရတော့မယ်။ ကျေးဇူးပြု၍ ကူညီပါ ခင်ဗျား" ရဲသားကြီးသည် ထိုကလေးငယ်အား သေချာစွာကြည့်လိုက်ပြီး `ကဲ-မင်းကို ယောဟန် ၃း၁၆ သင်ပေးမယ်။ ပြီးရင် ဟိုးအဝေးက မြင်နေရတဲ့ အိမ်အဖြူကြီးဆီကို ဒီလမ်းလေး အတိုင်း ဆင်းသွားရင် ရောက်လိမ့်မယ်။

ရောက်ရင် တံခါးကိုခေါက် အထဲကလူ ထွက်လာရင် ယောဟန် ၃း၁၆ကို ဆိုပြလိုက်၊ ဒီလိုဆိုရင် သူတို့က မင်းကို အထဲဝင်ခွင့် ပြုလိမ့်မယ်။" ရဲသားကြီး ပြောတဲ့အတိုင်း ထို လူငယ်လေး လည်း အေးစက်နေသော လက်အစုံနဲ့ တံခါးသွားခေါက်တယ်။ အထဲက အမျိုးသမီး တယောက် ထွက်လာလို့ ယောဟန် ၃း၁၆ကို ဆိုပြလိုက်တာနဲ့ အထဲကို ဝင်ခွင့် ပြုပြီး မီးဖိုကြီး တခု ရှေ့မှာရှိတဲ့ ကျောက်ထိုင်ခုံတခုပေါ်မှာ ထိုင်စေပြီး မီးလှုံစေကာ သူမ ပြန်လှည့် ထွက်သွားတယ်။ လူငယ်လေးလည်း မီးဖိုရှေ့မှာ နွေးထွေးစွာ ထိုင်ရင်း ထူးခြားလှတဲ့ ယောဟန် ၃း၁၆ရဲ့ အကြောင်းကို စဉ်းစားမိတယ်။ တယ်လည်း ထူးဆန်းပါလား၊ ယောဟန် ၃း၁၆ နဲ့ ဒီအိမ်က လူတွေနဲ့ ဘယ်လိုများ ပတ်သက်မှုရှိလဲ၊ ဘာဘဲဖြစ်ဖြစ် နှင်းတောထဲမှာ မေး ခိုက်ခိုက် တုန်အောင် ချမ်းနေအောင် နေရမဲ့အစား ငါ့ကို လုံခြုံနွေးထွေးတဲ့ နေရာ တစ်ခု ရဘို့ ဖန်တီးပေးနိုင်တဲ့အစွမ်းရှိပါလားလို့ တွေးနေမိတယ်။ ခဏကြာတော့ ထို အမျိုး သမီးကြီး ပြန်ရောက်လာပြီး နွေးထွေးတဲ့အပြုံးနဲ့ ``လူလေးဗိုက်ဆာနေလား`

`ဟုတ်ကဲ့ ကျွန်တော် အစာမစားရတာ နှစ်ရက်ရှိပြီမို့ စားခွင့်ရှိရင် အနည်းငယ် စားချင်ပါ တယ်``ထိုအခါ အမျိုးသမီးကြီးသည် အသီးအနှံ၊ အစားအသောက်အပြည့် ပြင်ဆင် ထားသော မီးဖိုချောင်ရှိ စားပွဲကြီးတခုဆီသို့ ဦးဆောင်ခေါ်သွားကာ စိတ်ကြိုက် စားစေ ပါတယ်၊ လူငယ်လေးလည်း ယောဟန် ၃း၁၆ကို သေချာစွာ နားမလည်ပေမဲ့။ မှန်ကန် သေချာ နေတာကတော့ ဆာလောင်မွတ်သိပ်နေတဲ့ ငါ့ကို တသက်လုံး တခါမှ မစားဘူးတဲ့ ကောင်းမွန် အရသာရှိတဲ့ အစားအသောက်တွေနဲ့ ဝမ်းပြည့်ဝစေတယ်၊ ကျေးဇူးတင်တယ် ယော ၃း၁၆ ဂုယ်။။

အစာစားပြီးနောက် ရေပူရေအေးအချိုးကျ ရောစပ်ထားပြီး မွှေးကြိုင်သော ဆပ်ပြာရနံ့ သင်းထုံနေသော အိမ်ပေါ်ထပ်ရှိ ရေချိုးကန်၌ စိတ်တိုင်းကျ ရေချိုးစေတယ်၊ လူငယ်လေးလည်း ရေထဲ၌ စိတ်တိုင်းကျ ဇိမ်ရှိရှိ ရေစိမ်ရင်း တွေးနေမိတယ်။ အံ့သြ ရပါလား၊ အိမ်မက် မက်နေသလိုဘဲ၊ ယောဟန် ၃း၁၆ကို ရေရေလည်လည် မသိပေမဲ့ အဖြေတခု ကတော့ နံဟောင်ညစ်ပတ်နေတဲ့ ငါ့ကို တကယ်ဘဲ သန့်ရှင်းပေးနိုင်တယ်။ ကျေးဇူး တင် လိုက်တာ ယောဟန် ၃း၁၆ရယ်။ ထိုအမျိုးသမီး ပြန်ရောက်လာပြီး သန့်ရှင်းသစ်လွင်သော အဝတ် အစားများပေးကာ၊ နူးညံ့လှတဲ့မွေ့ယာ၊ စောင်၊ သန့်သန့်ပြန့်ပြန့် ပြင်ဆင် ထားသော အိပ်ခန်းတခုထဲသို့ ခေါ်ဆောင်သွားကာ ကြမ်းရှုရှု ပါးပြင်ကို ညင်သာစွာ နမ်းရင်းက``ကောင်းသောညပါ လူကလေးရေ``ဟုပြောကာ မီးပိတ်ရင်း အခန်းထဲမှ ထွက်ခွာ သွားသည်။ လူကလေးဟာဇိမ်ရှိလှတဲ့ မွေ့ယာထက်မှာ လှဲလျောင်းရင်း အပြင်ဘက်ကို လှမ်းကြည့်လိုက်တယ်။ ``အိုး...အပြင်မှာ နှင်းမုန်တိုင်းတွေ တအား ပြင်းထန် နေပါလား``အကယ်၍ ငါသာ ယောဟန် ၃း၁၆ ကိုမရခဲ့ရင် ဒီည ငါ့ဘဝက မတွေးရဲ စရာဘဲ၊ ဘာဘဲဖြစ်ဖြစ် ယောဟန် ၃း၁၆ ကအစာငတ်ပြီး နေစရာ မရှိတဲ့ ငါ့ကို ကြောက်စရာ ကောင်းတဲ့ နှင်းမုန်တိုင်းက ကာကွယ်ပြီး သာယာနွေးထွေးတဲ့ အိပ်ရာထဲထိ ပို့ဆောင်တဲ့ တန်ခိုး ရှိတယ်။ မိုးလင်းတဲ့အခါ ထိုအမျိုးသမီးကြီးက မနေ့ညက စားခဲ့ဖူးတဲ့ စားပွဲကြီးဆီ ခေါ်ဆောင်သွားပြီး အစားအစာတွေ စားစေပြန်တယ်။ ပြီးမှ မီးဖိုရှေ့ ထိုင်ခုံဆီ သွားကြပြီး၊ နူးညံ့ သိမ်မွေ့သော လေသံဖြင့်``ယောဟန် ၃း၁၆ ကို မင်းနားလည် သလား`` ကျွန်တော် နားမလည်ပါဘူး၊ လွန်ခဲ့တဲ့ ညက ရဲသားကြီးတဦးက ဒီ ယောဟန် ၃း၁၆ ကိုသင်ပေးပြီး အသုံးပြုဘို့ပြောလို့ ဘဝမှာ ပထမဆုံးကြားခဲ့ရခြင်းပါ။``ထို့နောက် အမျိုးသမီးကြီးက ကျမ်း စာအုပ် ဖွင့်ကာ ယောဟန် ၃း၁၆ ရဲ့နက်နဲတဲ့အကြောင်းနဲ့ ယေရှုဘုရား အကြောင်းကို သေချာ စွာ ရှင်းပြလိုက်တယ်။ ထိုအချိန်မှာပင် လူငယ်လေးသည် မီးဖိုရဲ့ရှေ့မှာဘဲ ယေရှုဘုရားကို ကယ်တင်ရှင်နှင့် သခင်အဖြစ် နှလုံးသားနှင့် ဘဝတခုလုံးမှာ ယုံကြည်လက်ခံ လိုက်တယ်။ တကယ်တော့ ယောဟန် ၃း၁၆ က ပျောက်ဆုံးနေတဲ့ ငါ့ဝိညာဉ်ကို လုံခြုံစိတ်ချမှု ပေးလိုက် တာဘဲ။ ငါ့စိတ်တွေ ရှုပ်ထွေးနေဆဲပါလား။ အဘဘုရားသခင်ဟာ သူ့ရဲ့ အချစ်ဆုံး သားတော် ယေရှုကို ဤလောကသို့ စေလွှတ်ပြီး အပြစ်ရှိတဲ့ ငါတို့အတွက် ဘာကြောင့် အသေခံ စေတာလဲ။ ယေရှုဘုရားဟာလည်း ဘာဖြစ်လို့များ ဒီကိစ္စကို လက်ခံခဲ့တာလဲ။ လောင်ပြောင်ဟားတိုက် ရယ်မော ပြက်ရယ်ပြုခံပြီး မရှုမလှခံစားကာ ပြင်းထန်တဲ့ ဝေဒနာ တွေကို ကြိတ် မှိတ်ခါခံစားရင်း အသေခံခဲ့တဲ့ ယေရှုဘုရားကို ကြည့်ပြီး ကောင်းကင်ဘုံက အဖဘုရားနဲ့ ကောင်းကင်တမန်တွေ ဘယ်လောက်ထိအောင် ပူဆွေးသောက ရောက်ကြ မလဲ။ ယေရှုရဲ့ ဝေဒနာတွေကိုကြည့်ရက် နိုင်ပါ့မလား။ အသက်တော်စွန့်သည့်တိုင်အောင် နောက်ဆုံးအချိန်နာရီအထိ ဘာကြောင့် ငါတို့ကို ချစ်တာလဲ။ ဘာကြောင့်များ လူသားတွေ အပေါ် စိတ်မနာနိုင်တာလဲ။ ဘာကြောင့် မေတ္တာ ကြီးမား ရတာလဲ။

သေချာတာကတော့ ဒီလိုပေးဆပ်မှုတွေဟာ တို့လူသားတွေကို ဘယ်လောက် ချစ်တယ် ဆိုတာရယ်။ ဖန်ဆင်းထားတဲ့ လူသားတွေရဲ့ အသက်ကို ဘယ်လောက် တန်ဘိုး ထားတယ် ဆိုတာ ထင်ထင်ရှားရှား တွေ့မြင်ရတယ်။ တို့တတွေအားလုံး ရွှေပြည်တော်မှာ ထာဝရ ပျော်ရွှင် စံမြန်းနိုင်ဘို့အတွက် ဆိုတာသေချာသွားပြီ။

(ဝန်ခံချက်။ Internet မှရေးသူနာမည်မပါသော ဆောင်းပါးအား ဆီလျော်စွာ ဘာသာပြန် ဆိုပါသည်။) **ချစ်လင်းလေး**

--------------------------------

# ဘုရားသခင်၏ဆုံးမပဲ့ပြင်ခြင်း

## ဘုရားသခင်၏ဆုံးမပဲ့ပြင်ခြင်း ၄ *(အန်ဒရူး)*

အလွဲမယူကြနှင့်။ ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကို ခံတော်မမူ။ လူသည် မျိုးစေ့ ကြဲသည် အတိုင်း အသီးအနှံကို ရိတ်ရ လိမ့်မည်။ ဂလာ ၆ း ၇။ ခရစ်ယာန်များအနေဖြင့် ကျွန်ုပ်တို့သည် နာခံခြင်းရှိရမည်ဟူသော မူဝါဒအားဖြင့် အသက်ရှင်ကြရ မည်ဖြစ်သည်။ ဘုရားသခင်သည် ဘယ်သောအခါမှ မိမိ၏ သား သမီးများကို အပြစ်၌ မကျင်လည် စေလိုပေ။ ကျမ်းစာက" " ချစ်သားတို့၊ သင်တို့သည် ဒုစရိုက်ကို မပြုစေခြင်းငှာ၊ ဤအရာ တို့ကို သင်တို့အားငါရေး၍ ပေးလိုက်၏။" " ဟု ဆိုသည်။ ၁ယော ၂း၁။ သို့သော်လည်း၊ ခရစ်ယာန်တို့သည် အမှန်တကယ်ပင်အပြစ်ကို ပြုလုပ်ကြပြီး ခရစ်ယာန်များစွာတို့သည် အပြစ်နှင့်ပတ်သက်၍ ပေါ့ပျက်ပျက် သာ သဘောထား ကြသည်။ ဤသင်ခန်းစာ၌ ဤ မေးခွန်းကို ကိုင်တွယ်ကြမည်ဖြစ်သည်။ ""ယုံကြည်သူ တဦးဦး ဆန္ဒရှိရှိ(စိတ်ပါလျက်) အပြစ်ကို ကျူးလွန်ပါက ဘာဖြစ်မည်နည်း?

### ယုံကြည်သူတဦး၏အသက်တာရှိ အပြစ်၏အကျိုးဆက်များ

ယုံကြည်သူတဦးသည် ခရစ်တော်အား သူ၏ကယ်တင်ရှင်အဖြစ် လက်ခံ ခဲ့ချိန် တွင် သူ၏အပြစ်များသည် လွှတ်ခြင်းခံရသည် ဆိုသည့် အချက်မှာ မှန်ကန်သည်။ သို့သော် ဤ အချက်က သူ့စိတ်ကြိုက်အသက် ရှင်၍ သူလုပ်လိုသမျှ မည်သည့်အရာကိုမဆို လုပ်နိုင် သော အခွင့်ကိုမူ သူ့အား မပေးပါ။ သူသည် သူလုပ် ဆောင်မှုများ၏ လက်တွေ့ကျသော အကျိုးဆက်များကို ရင်ဆိုင်ရပေမည်။ ကျွန်ုပ်တို့သည် မည်သို့သောအပြစ်ကိုမဆို ကျူးလွန် ခဲ့သည်ဖြစ်စေ၊ ဘုရားသခင်ထံသို့သွား၍ ထိုအပြစ်ကို ဝန်ချတောင်းပန်ပြီး ခွင့်လွှတ်ပေးရန် တောင်းဆိုပါက ကျွန်ုပ်တို့သည် အပြစ်လွှတ်ခြင်းခံရမည် ဖြစ်သည်။ ဘုရားသခင်နှင့် မိတ် သဟာယဖွဲ့မှုကိုလည်း အလျင်အမြန်ပြန်လည် ရယူနိုင်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အပြစ် များကို ရိုးသားဖြောင့်မှန်စွာ ဝန်ချတောင်းပန်က၊ ဘုရားသခင်သည် အပြစ် အားလုံး တို့ကို လွှတ်ပေးရန် ဆန္ဒရှိသည်။ သို့သော် ဤအရာက ကျွန်ုပ်တို့၏အပြစ်များအတွက် ဆုံးမ ခြင်းကို မခံရပါဟု ဆိုလိုခြင်းမဟုတ်ပါ။

**ဒါဝိတ်အား ဆုံးမပဲ့ပြင်ခြင်း။** ဓမ္မဟောင်းကျမ်းထဲတွင် လူများစွာတို့၏ အသက်တာ အ ကြောင်းအရာတို့ကို မှတ်တမ်းတင်ထားခြင်းမှာ ထိုသူတို့ဘဝအသက်တာ၏ အတွေ့ အကြုံ များမှ သင်ယူစရာများကို ကျွန်ုပ်တို့ သင်ယူနိုင်ကြရန် ဖြစ်သည်။ ဒါဝိတ်၏ ကြီးစွာသော အပြစ်အကြောင်းအရာမှ ကျွန်ုပ်တို့သင်ယူရမည့် အလွန် အရေးကြီးသော သင်ခန်းစာ နှစ်ခုရှိသည်။ (၁)ကျွန်ုပ်တို့၏အပြစ်များသည် လွှတ်ခြင်းခံရမည်ဖြစ်သော်လည်း၊ ကျွန်ုပ်တို့ လုပ်ဆောင်မှု၏ အကျိုးဆက်များကိုမူ မလွဲမသွေ ရင်ဆိုင်ရမည်။ (၂)အချို့သော အပြစ် များသည် တစ်သက်တာလုံးစာ အတွက် အကျိုးဆက်များရှိသည်။ ဒါဝိတ် သည် ဘုရား သခင်၏ ကြီးမြတ်သောလူဖြစ်ရုံမက၊ အစ္စရေးနိုင်ငံကို အုပ်စိုးခဲ့သော ဘုရင်များ အနက် အကြီးမြတ်ဆုံးသော ဘုရင်တစ်ပါး လည်းဖြစ်သည်။ သို့သော် ဒါဝိတ်သည် ဖမ်းနည်း ကြေကွဲဖွယ် အပြစ်လုပ်ခဲ့ပြီး သူ့အပြစ်၏အကျိုးဆက်များကို အလူး အလဲ ခံစားခဲ့ရသည်။

ဘုရားသခင်က သူ၏အပြစ်တို့ကို ခွင့်လွှတ်ပေးခဲ့သော်လည်း ဒါဝိတ်သည် သူ့ ဒုစရိုက် အပြစ်များ၏ လက်တွေ့ကျသော အကျိုးအဆက်တို့ကို ဤလောက၌ ရှိစဉ် ကာလ တွင်း ရိတ်သိမ်းခဲ့ရသည်။ သူသည် ဖမ်းနည်းကြေကွဲစရာကိစ္စများစွာတို့နှင့် ရင်ဆိုင် ခဲ့ရ သည်။ ဗာသရှေဘ မှ မွေးဖွားသော သားသည် သေဆုံး ခဲ့သည်။ သူ့သားများထဲမှ တစ်ဦး မှာ အသတ်ခံခဲ့ရသည်။ အခြားသားတဦးက ဒါဝိတ်အား ပုန်ကန်မှုကို ဦးဆောင်ခဲ့ပြီး စစ်ပွဲ၌ ကျဆုံးခဲ့သည်။

### (၁) ဆန္ဒ(စိတ်နှလုံး)ပါလျက် အပြစ်ကိုမကျူးလွန်ပါနှင့်

ဘုရားသခင်အား ဆန္ဒရှိရှိ(စိတ်နှလုံး)ပါလျက် တမင်သက်သက်မနာခံခြင်းသည် သူ့အားပုန်ကန်ခြင်းတမျိုးဖြစ်သောကြောင့်၊ ဘုရားသခင်၏ ဆုံးမတတ်သော လက်တော်ကို ကျွန်ုပ်တို့အပေါ်သို့ကျရောက်စေနိုင်သည်။ ဘုရားသခင်က သူ၏သားသမီးများ အမှား တစ်ခုခုလုပ်သည့်အခါတိုင်းတွင် ဆုံးမခြင်းမဟုတ်ပါ။ သူသည် ထိုကဲ့သို့ မဟုတ်ပါ။ သူသည်



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၃၃ စက်တင်ဘာလ ၂၀၁၂ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

သူ့ သားသမီးများကိုချစ်ပြီး သူတို့နှင့်ပတ်သက်လာလျှင် စိတ်ရှည်သည်းခံပြီး ညင်သာသည်။ ဒါဝိဒ်က ""ငါတို့အပြစ်များခြင်းနှင့်အလျောက်၊ ငါတို့၌ပြုတော်မမူတတ်၊ ငါတို့၌ဒုစရိုက်ရှိသည် အတိုင်း အပြစ်ကိုပေးတော်မမူတတ်။ မြေကြီးပေါ်တွင် ကောင်းကင် အမြင့် ရှိသည် အတိုင်း၊ ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့၌ ဂရုဏာတော်သည် အားကြီး ပေး၏။" " ဟု ဆိုသည်။ ဆာ ၁၀၃း၁၀-၁၁။ ဒါဝိဒ်က ဘုရားသခင်သည် သူ၏ သားသမီးများ အပေါ်တွင် အလွန်အမင်း ကျေးဇူးတော် ကြွယ်ဝပြီး စိတ်ရှည်သည်းခံသည်ကို အသိ အမှတ် ပြုခဲ့သည်။ ခရစ်ယာန်မိဘများ၏သားဖြစ်သူ လူငယ်တစ်ဦးသည် ကိုယ်ကျင့်တရားမရှိသော မိန်းမ တစ်ဦးထံ သွားပြီး သူမနှင့် ကာမရောယှက်ခဲ့သည်။ တကြိမ်တခါတည်းသော လိင်ဆက်ဆံ မှုမှတဆင့် သူသည်ကာလသားရောဂါတစ်ခုကို ရလိုက်သည်။ သူသည် ဆေးဝါး ကုသမှု ခံခဲ့သော်လည်း ဤရောဂါကို မထိန်းချုပ်နိုင်ခဲ့ ပါ။ ၃ နှစ်အတောအတွင်း သူ သေဆုံးသွားခဲ့သည်။

**(၂) ကျွန်ုပ်တို့သည် ကိုယ်ကာယ၏အလိုနောက်သို့လိုက်၍ အသက်မရှင်သင့်ပါ။**

ကိုယ်ကာယ၏အလိုနောက်သို့လိုက်၍ အသက်ရှင်ခြင်းဆိုသည်မှာကိုယ်ကာယ၏ အလိုဆန္ဒနှင့် ရမ္မက်တို့၏ကျွန်အဖြစ် အသက်ရှင်ခြင်းကို ဆိုလိုသည်။ ကျမ်းစာက ဤသို့ အသက်မရှင်ရန် သတိပေးထားသည်။ ကိုယ်ကာယ၏ အလိုနောက်သို့ လိုက်၍ အသက်ရှင်သောကြောင့် တွေ့ကြုံ ရသော အကျိုးဆက်တို့အား ရှန်ဆုံ၏အသက်တာကို ကြည့်ခြင်းအား ဖြင့် သိနိုင်သည်။ သူ့ လူများကို ရွေးနှုတ်သောသူအဖြစ် ဘုရားသခင်က ရှန်ဆုံးကို ရွေးချယ်ခဲ့သည်။ ဘုရား သခင်က သူ့ကို ထူးခြားသော တန်ခိုးနှင့်စွမ်းရည် တို့ကို ပေးအပ်ထားသည်။ သူသည် ကြီးစွာသော လုပ်ရပ်တို့ကို လုပ်ဆောင်ခဲ့သည်။ သို့သော် ရှန်ဆုံသည် သူ၏ကိုယ်ကာယ ၏ တပ်မက်မှုတို့ကို မထိန်းချုပ်နိုင်ခဲ့ပါ။

ဒါဝိဒ်နှင့်ရှန်ဆုံတို့၏ အဖြစ်အပျက်များသာမက အခြားလူတို့၏ အဖြစ်အပျက်တို့ကို ဓမ္မဟောင်း ကျမ်း၌ မှတ်တမ်းတင်ထားခြင်းမှာ သူတို့၏ အသက်တာကိုကြည့်၍ သင်ယူ စရာများကို ကျွန်ုပ်တို့သင်ယူ နိုင်ကြရန်ဖြစ်သည်။ ကျမ်းစာက "ထိုအကြောင်းအရာရှိသမျှ တို့သည် ပုံသက်သေ ဖြစ်အံ့ သောငှာ ထိုသူတို့ ၌ရောက်ကြ၏။" ၁ကော ၁၀း၁၁ ဟုဆိုသည်။ရှန်ဆုံ၏အဖြစ်အပျက်မှ ကျွန်ုပ်တို့သင်ယူရမည့် သင်ခန်းစာမှာ ""ကိုယ်ကာယ၏ အလိုနောက်သို့ လိုက်၍ အသက်မရှင်နှင့်" " ဖြစ်သည်။ ကျမ်းစာက ""သင်တို့သည် ဇာတိပကတိအတိုင်း အသက်ရှင်လျှင် သေရကြမည်" " ဟုဆိုသည်။ ရော ၈း၁၃

**ဘုရားသခင်က ကျွန်ုပ်တို့ကို မိမိကိုယ်ကို မိမိ စစ်ကြောစီရင်စေလိုသည်**

ဘုရားသခင်အား မနှစ်မြို့စေသောအရာတစ်ခုခုကို ကျွန်ုပ်တို့လုပ်နေပါက၊ သူသည် ပထမဆုံး ကျွန်ုပ်တို့၏ ဩတ္တပ္ပစိတ်မှတဆင့် ကျွန်ုပ်တို့ကို စကားပြောသည်။ သူ၏နှုတ်ကပတ်တော်နှင့် သန့်ရှင်း သောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့လုပ်ဆောင်ချက်၏ မှားယွင်းမှုများကို ပြသရန်ကြိုးပမ်းသည်။ ဘုရားသခင်က သစ္စာရှိသော ခရစ်ယာန်တဦးကို ကျွန်ုပ်တို့အား သတိပေးရန် ကျွန်ုပ်တို့ထံ စေလွှတ်ကောင်း စေလွှတ်လိမ့်မည်။ ဘုရား သခင်က ကျွန်ုပ်တို့၏ အပြစ်များကို ဝန်ချတောင်းပန်စေလို၊ စွန့်လွှတ်စေလိုသည် ထိုမှသာ၊ သူသည် ကျွန်ုပ်တို့ကို စစ်ကြောစီရင်စရာမလိုတော့ပါ။ ကျမ်းစာက ""ငါတို့သည် ကိုယ်ကို ကိုယ် စစ်ကြောစီရင်လျှင်၊ စစ်ကြောစီရင်တော်မူခြင်းနှင့် ကင်းလွတ်ကြလိမ့်မည်" " ဟုဆိုသည်။ ၁ကော ၁၁း၃၁။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို မစစ်ကြော မစီရင်ပါက၊ ဘုရားသခင်က စစ်ကြော ရမည်ဖြစ်သည်။ ဘုရားသခင်က ကျွန်ုပ်တို့ကို ဆုံးမပဲ့ပြင်ခြင်းမှာ ကျွန်ုပ်တို့ကို အလွန်ချစ်၍ နာခံခြင်း ရှိစွာ အသက်ရှင်နိုင်ရန်အတွက်ဖြစ်သည်။ ကျမ်းစာက ""စစ်ကြောစီရင် တော်မူခြင်းကို ခံရကြသောအခါ၊ လောကီသားတို့နှင့် အတူ အပြစ်စီရင်ခြင်းနှင့် ကင်းလွတ် မည်အကြောင်း ဆုံးမတော်မူခြင်းကိုခံရကြ၏ " ဟုဆိုသည်။ ၁ကော ၁၁း ၃၂။ ဘုရားသခင်က ကျွန်ုပ်တို့ကို မည်သို့ဆုံးမသနည်း? သူ့သားသမီးများကို ဆုံးမရန် အတွက် ဘုရားသခင်အတွက် ဘုရားသခင်တွင် နည်းလမ်း များ စွာရှိသည်။ သူသည် ကျွန်ုပ်တို့ကို နာမကျန်းဖြစ်စေမည် (သို့) မတော်တဆမှုတစ်ခုခုတွင် ပါဝင်စေမည်။ သူသည် ဘဏ္ဍာရေးအရ ကျွန်ုပ်တို့ကို ဆုံးရှုံးစေနိုင်သည် သာမက မိမိ၏ ချစ်သောသူ တဦးဦးကိုပင် လက်လွှတ် ဆုံးရှုံးစေနိုင်သည်။ သူ့သားသမီးများကို ကိုယ်တွယ် ရန် ဘုရားသခင်တွင် နည်းလမ်း များစွာရှိသည်။ ဘုရားသခင်က ကျွန်ုပ်တို့ကို မည်သို့ဆုံးမမည်ကို ကျွန်ုပ်တို့ မပြောနိုင်သော်လည်း၊ သူကဆုံးမခြင်းမှာ ကျွန်ုပ်တို့သည် ဆုံးမခြင်း ခံရန် လိုအပ်သောကြောင့် ဖြစ်သည်ကိုမူ သေချာသိနိုင်သည်။ ကျမ်းစာက ""ထာဝရဘုရားသည် ချစ်တော်မူသောသူကို ဆုံးမတော်မူ တတ်၏။ လက်ခံတော်မူသမျှသောသားတို့ကို ဒဏ်ခတ်တော်မူတတ်၏" " ဟုဆိုသည်။ ဟေဗြဲ ၁၂း၆။ *(သတိပြုရန်- ဖျားနာခြင်းအားလုံးသည် ဘုရား သခင်၏ ဆုံးမခြင်းဖြစ်သည်ဟု မှားသော ယူဆခြင်းကို ကျွန်ုပ်တို့ မဖြစ်စေရပါ။ သဘာဝ အကြောင်းအရာများက များစွာသော ဖျားနာခြင်း ကိုလည်း ဖြစ်စေသည်။)*

**(၁) ကျွန်ုပ်တို့သည် နာခံခြင်းကိုသင်ယူနိုင်ရန်အတွက် ဘုရားသခင်က ဆုံးမခြင်းဖြစ်သည်။**

ကျွန်ုပ်တို့သည် မိမိကိုယ်ကိုမိမိ သိသည်ထက်၊ ကောင်းကင်ဘုံရှိ ကျွန်ုပ်တို့၏ ခမည်းတော်က ကျွန်ုပ်တို့ကိုသာ၍ သိနားလည်သည်။ ကျွန်ုပ်တို့သည် ဇာတိသဘောအရ နာခံခြင်း မရှိသူများဖြစ်ကြသည် ကို သူသိသည်။ ဖခင်၏လက်ထဲတွင် ကြိမ်တုတ်ကို မတွေ့မချင်း ဖခင်၏စကားကို နားမထောင်သော ကလေးများနှင့် ကျွန်ုပ်တို့သည်တူသည်။ အပြစ်ပေး ဆုံးမမှသာ ကျွန်ုပ်တို့သည် သူ့ကိုနာခံရန် သင်ယူကြ မည်ကို သူသိသည်။ ဒါဝိတ်က ""ကျွန်ုပ်သည်ဆင်းရဲမခံမီ လမ်းလွဲပါ၏။ ယခုမူကား၊ ဗျာဒိတ်တော်အတိုင်း ကျင့်စောင့်ပါ၏" " ဟု ဆိုသည်။ ဆာ ၁၁၉ း ၆၇။ ဘုရားသခင်က ကျွန်ုပ်တို့ကို ဆုံးမပြီးတာတောင်မှ ကျွန်ုပ်တို့သည် ဆက်ပြီး နာခံခြင်း မရှိဘဲ ပုန်ကန် ကောင်းပုန်ကန်လိမ့်မည်။ ယင်းမှာ ကြေကွဲဖွယ်ဝမ်းနည်းဖွယ် ကောင်းလှ သည်။ ဤအရာက ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်အား နာခံရန် မသင်ယူ သေးဘဲ သူ၏အုပ်စိုးခြင်းကိုလည်း မခံသေးပါဟုဆိုလို ခြင်းဖြစ်သည်။ ""တနည်းကား၊ ကိုယ် ကာယနှင့်စပ်ဆိုင်သော အဘတို့လက်ဖြင့် ဆုံးမခြင်းကို ခံရသောအခါ၊ သူတို့ကို ရိုသေ ကြ၏။ ထိုမျှမက၊ စိတ်ဝိညာဉ်တို့၏ အဘအလိုသို့လိုက်၍ အသက်ချမ်းသာရ ကြမည် မဟုတ်လော" " ဟုဆိုသည်။ ဟေဗြဲ ၁၂ း ၉။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဆုံးမခြင်းကို အလျင်အမြန်သဘောတူနိုင်ပြီး ဤသို့ပြောနိုင်ပါစေ။ ""သခင်၊ သခင်၏ စစ်ကြောစီရင်မှုသည် မှန်ကန်ဖြောင့်မတ်ပါသည်။ ကိုယ်တော်ထံသို့ မိမိကိုယ်ကို ဆပ်ကပ်အပ်နှံရန်အတွက် ကျွန်ုပ်လိုလားပါ၏

**(၂) ကျွန်ုပ်တို့သည် သူ၏သန့်ရှင်းတော်မူခြင်းကို ဆက်ဆံဝင်စားသူများဖြစ်နိုင်ရန်အတွက် ကျွန်ုပ်တို့ကို ဆုံးမခြင်းဖြစ်သည်။**

ဘုရားသခင်က ကျွန်ုပ်တို့ကို ဆုံးမခြင်းမှာ ကျွန်ုပ်တို့ကို အမျက်ထွက်ပြီး အပြစ်ဒဏ် ပေးလိုသောကြောင့် မဟုတ်ပါ။ ဘုရားသခင်က ကျွန်ုပ်တို့ ကို ကိုင်တွယ်ခြင်း အားလုံးတို့မှာ ကျွန်ုပ်တို့၏ ကောင်းကျိုး အတွက်သာဖြစ်သည်။ သူသည် သူ၏ သားသမီးများအား ""ကလေးကို လေ့ကျင့် သင်ကြား ပေးသကဲ့သို့" " လေ့ကျင့် ပေးနေခြင်း ဖြစ်သည်။ ဘုရားသခင်က ကျွန်ုပ်တို့ကို ဆုံးမခြင်း၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ သည် သူ၏ သန့်ရှင်းခြင်းကို ဆက်ဆံ ဝင်စားသူများဖြစ်လာကြရန်ဖြစ်သည်။ ကျမ်းစာက ""အကြောင်းမူကား ထိုအဘတို့သည် မိမိအလိုသို့လိုက်၍ တခဏသာဆုံးမပေးကြ၏။ ကိုယ်တော်မူ ကား၊ မိမိ သန့်ရှင်းခြင်း ပါရမီတော်ကို ငါတို့သည် ဆက်ဆံစေခြင်းငှာ၊ ငါတို့အကျိုးကို ထောက်၍သာ ဆုံးမပေးတော်မူ၏" " ဟု ဆိုသည်။ ဟေဗြဲ ၁၂ း ၁၀။ ဘုရားသခင်သည် ဆုံးမခြင်းအားဖြင့် သူ၏သန့်ရှင်းခြင်းကို ကျွန်ုပ်တို့အတွင်းသို့ ပေါင်းစပ်ပေးသည်။ သူကဆုံးမချိန်တွင် ကျွန်ုပ်သည် ""သခင်၊ ဤသို့ဆုံးမခြင်းအားဖြင့် ဘာကိုသင်ကြားပေးနေ သနည်း?""ဟု မေးသင့်သည်။ ဘုရားသခင်၏အလိုတော်ကို ပိုမိုသိရှိလာနိုင်ရန်နှင့် သူနှင့်ပို၍ တူလာ အောင် ကျွန်ုပ်တို့အား ဆုံးပဲ့ပြင်ပေးခြင်းဖြစ်သည်။

**(၃) ကျွန်ုပ်တို့သည် သူ၏နာမတော်ကို ချီးမြှောက်နိုင်ရန်အတွက် ဘုရားသခင်က ကျွန်ုပ်တို့ကို ဆုံးမခြင်း ဖြစ်သည်။**

ဘုရားသခင်၏ ဆုံးမပဲ့ပြင်ပေးမှုကြောင့်၊ ဒါဝိတ်သည် ဘုရားသခင်၏ စိတ်တော်နှင့် တွေ့သူတဦး ဖြစ်လာသည်။ ဒါဝိတ်၏နာမည်ကို ဟေဗြဲ ၁၁ တွင် စာရင်း သွင်းထားသည်။ ဤအခန်းကြီးတွင် ဘုရား သခင်၏ ""ကျော်ကြားသူများစုဝေးရာခန်းမ" " ကို ဖော်ပြထားသည်။ မိမိတို့၏ယုံကြည်ခြင်းနှင့် လုပ်ဆောင် မှုများအားဖြင့် ဘုရားသခင်၏ ဂုဏ်အသရေတော်ကို ထင်ရှားစေသူများကို ဤနေရာ၌ စာရင်းပြုစုထားခြင်း ဖြစ်သည်။ ရှန်ဆုံသည် သူ၏အပြစ်ကို နောင်တရခဲ့ပြီး ဘုရားသခင်၏ ရန်သူများကို သူအသက်ရှင်စဉ်က သတ်သည်ထက် သာ၍များသောရန်သူတို့ကို သူ၏သေဆုံးချိန်၌ သတ်ဖြတ်ခဲ့သည်။ ရှန်ဆုံကိုလည်း"ဘုရားသခင်၏ ကျော်ကြားသူများစုဝေးရာခန်းမ" (Hall of Fame) ထဲတွင် စာရင်း သွင်းထားသည်။ ဘုရားသခင်က ကျွန်ုပ်တို့ကို ဆုံးမပဲ့ပြင်ပေးခြင်းမှာ ကျွန်ုပ်တို့သည် သူ၏နာမတော်ကို ထင်ရှားစေနိုင်ရန် ဖြစ်သည်။

**(၄) ကျွန်ုပ်တို့သည် သူ၏နာမတော်ကို ခိုင်မာစေကြရန်အတွက် ဘုရားသခင်က ကျွန်ုပ်တို့အား ဆုံးမခြင်း ဖြစ်သည်။**

ကျွန်ုပ်တို့သည် ခရစ်တော်၏နာမတော်ကို ယူဆောင်ထားကြသည်။ ခရစ်ယာန်တဦးသည် ""ခရစ်တော်၏လူတဦး" " ဖြစ်သည်။ ကျွန်ုပ်တို့ လုပ်သောအရာတို့သည် သူ့အပေါ်တွင် သက်ရောက်မှုရှိသည်။ အကယ်၍ ကျွန်ုပ်တို့သည် သူ၏နာမတော်ကို ဆန့်ကျင်ပါက သူသည် ကျွန်ုပ်တို့ကို ဆုံးမ လိမ့်မည်။ ဒါဝိတ်၏အခြေအနေမျိုးတွင် ဘုရားသခင်က သူသည် ဒါဝိတ်၏အပြစ်များနှင့် ပတ်သက်ဆက်စပ်မှု လုံးဝ မရှိကြောင်းကို သူ၏ လုပ်ဆောင်မှုများ အားဖြင့် ပြသခဲ့သည်။ သူသည် ဒါဝိတ်၏အပြစ်ကို မကြေအေးခဲ့သလို၊ ကျော်မကြည့်သွားခဲ့ပါ။ ကျွန်ုပ်တို့သည်လည်း သူ၏နာမတော်ကို ညှိုးနွမ်းစေပါက၊ သူသည် ထိုကဲ့သို့ ပင်ပြုလုပ်လိမ့်မည်။ ထိုကဲ့သို့ဆုံးမခြင်းခံနေရသည့် အချိန်မျိုးတွင်၊ ကျွန်ုပ်တို့၏ ဦးခေါင်းကို ညွတ်၍ ဘုရားသခင်အား ဤသို့ပြော၍ ဝတ်ပြုကိုးကွယ်ပါ။ ""သခင်၊ ကျွန်ုပ်သည် ဤကိစ္စ၌ သခင်၏ဆုံးမခြင်း ကို ဝမ်းမြောက်စွာ လက်ခံပါ၏။ ကျွန်ုပ်၏ အပြစ်ကြောင့် ဤသို့ ဆုံးမခြင်း ခံရသည်ကို လည်း အသိအမှတ် ပြုပါ၏။ ကျွန်ုပ်သည် သခင်၏လူများ၊ လောကလူများနှင့် စာတန်တို့အား ကိုယ်တော်သည် ဤအပြစ်နှင့် ပတ်သက်ဆက်စပ်မှု လုံးဝမရှိဘဲ ကျွန်ုပ်၏အမှားသက်သက်သာဖြစ်ကြောင်းကို ဝမ်းမြောက် စွာ သိစေပါမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဆုံးမပဲ့ပြင်ခြင်းကို မြန်နိုင်သမျှ မြန်မြန် လက်ခံ၍ အသိအမှတ်ပြု လေလေ၊ ဘုရားသခင်၏ ဆုံးမခြင်းသည် လည်း လျင်မြန်စွာ ပြီးဆုံး



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၃၃ စက်တင်ဘာလ ၂၀၁၂ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယများ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

သွားမည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ၊ ဆင်ခြေပေး၍ အပြစ်မှ ရှောင်ရှားက၊ အခြားသူများ အပေါ်တွင် အပြစ်ပုံချပါက ဘုရားသခင်၏ ဆုံးမခြင်းသည် ကြာရှည်စွာ ကျွန်ုပ်တို့နှင့်အတူ ရှိနေမည်ဖြစ်သည်။


**ဘုရားသခင်ကို ကြောက်ရွံ့ခြင်းသည် ဉာဏ်ပညာ၏အစဖြစ်သည်။**

“‘ထာဝရဘုရားကို ကြောက်ရွံ့သောသဘောသည် ပညာ၏ အစ ဖြစ်၏” ” ဟုဆိုခြင်းဖြစ်သည်။ သု ၉ း ၁၀။ ကျွန်ုပ်တို့သည် ဖြောင့်မတ်မှုကို ချစ်မြတ်နိုး၍ အပြစ်ကို မုန်းတီးနိုင်ကြပါစေ။ အကြောင်း တခုခုကြောင့်၊ ဘုရားသခင်၏ ဆုံးမတတ်သော လက်တော်သည် ကျွန်ုပ်တို့ အပေါ်သို့ ကျရောက်လာပါက၊ မှန်ကန်သော စိတ်သဘော ထားမျိုးဖြင့် ဆုံးမခြင်းကို လက်ခံ ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် “‘သခင်၊ ကျွန်ုပ်တို့ မှားတာကို ကျွန်ုပ်သိပါ၏။ သခင် လုပ်သော အရာတို့သည် လုံးဝဥသုန် မှန်ကန်ပါ၏။ သခင်သာ ကျွန်ုပ်တို့ကို မကိုင်တွယ် ခဲ့ပါက၊ ကျွန်ုပ်ဘာဖြစ်သွားမည်ကို မသိနိုင်ပါ။ ကိုယ်တော်၏ ချစ်ခြင်း မေတ္တာနှင့် သစ္စာ ရှိမှုအတွက် ကိုယ်တော်ကို ချီးမွမ်း၍ ကျေးဇူးတင်ပါ၏” ” ဟုပြောသင့်သည်။ **(အန်ဒရူး)**

## ချန်ထားပေးပါ

ဟာသ ပန်းခင်း

**ချန်ထားပေးပါ** *ဓမ္မဟာသ - မင်းအောင်သက်လွင်*



ယုံကြည်သူတွေ စုဝေး နေထိုင်တဲ့ ရွာတစ်ရွာမှာ အမယ် အိုကြီး တစ်ယောက်တည်း နေထိုင်တဲ့ တဲအိမ်လေးကို နေ့ခင်း ကြောင်တောင် ကြီး သူခိုး ကပ်ပါတယ်။ အမယ်အိုကြီးက ဟင်း စားလေး ရအောင် သူ့တဲအိမ် အောက်မှာ ဝါးခြမ်းပြားလေး တွေနဲ့ ခြံခတ်ပြီး ကြက်လေး၊ ဘဲ လေးတွေ မွေးထားပါတယ်။ နေ့လည်ခင်း နေပြင်းပြင်း ပူချိန်မှာ သူခိုးက အမယ်အိုရဲ့ အိမ်အောက်ထဲဝင်ပြီး ခပ်တည်တည်နဲ့ ခြံထဲက ကြက်တွေ ဘဲ တွေကို တစ်ကောင်ပြီး တစ်ကောင် ရိုက်သတ်၊ ပါလာတဲ့ ဆာလာ အိတ်ကြီးထဲ ထည့်နေပါ တော့တယ်။ အဲဒီအချိန် ခြံထဲက ကြက်တွေ တော်တော်လေး ကုန်ခါနီးမှာ တိုက်တိုက် ဆိုင်ဆိုင် ကြက်ခြံထဲ ကြက်စာ ဝင်ကျွေးနေတဲ့ အမယ်အိုက သူခိုးကို "သားလေးရယ် ခိုး ရင်လဲ အကုန်တော့ မခိုးပါနဲ့ အဖွား အတွက် ဟင်းစားလေး ချန်ထားပေးပါကွယ် "လို့ တောင်းပန်တော့၊ သူခိုးက - "ကောင်းပြီ။ ကျုပ် အကုန်တော့ ခိုးမသွားပါဘူး။ ကျုပ် လုပ်အားခ (ခိုးအားခ) ထဲက ဆယ်ဖို့ တစ်ဖို့ကို လှူတဲ့ အနေနဲ့ နောက်ဆုံး နှစ်ကောင်ကို အဖွားကို လှူတဲ့ အနေနဲ့ ချန်ထားပေးပါ့မယ် " လို့ပြန်ပြောလိုက်သတဲ့။ *(ဝန်ခံချက်။ တဆင့်ပြောပြသော ကိုဂျော်ဂျီသိန်း အားကျေးဇူးတင်ပါသည်။)*

---

## လူသားမျိုးနွယ်

**လူသားမျိုးနွယ်** *ဓမ္မဟာသ-မင်းအောင်သက်လွင်*



တစ်ခါက ငါးနှစ်အရွယ် ကောင်မလေးဟာ သူ့အမေကို မေးခွန်းလေးတစ်ခု မေးလိုက်တယ်။ "မေမေ လူတွေ ဘယ်လို စပြီး ဖြစ်လာတာလဲဟင် "အမေဖြစ်သူက "ဘုရား သခင်က လူယောက်ျား အာဒံနဲ့ လူမိန်းမ ဧဝတို့ကို အရင်ဆုံး ဖန်ဆင်းပြီး နောက် တော့ သူတို့ ကလေးတွေ ရလာပြီး လူတွေ အများကြီး ဖြစ်လာတာပေါ့ သမီးရဲ့ "လို့ ပြန်ဖြေ လိုက်ပါတယ်။

နောက် နှစ်ရက်ကြာတဲ့အခါ ကောင်မလေးက သူ့အဖေကို အဲဒီမေးခွန်း ထပ်မေးလိုက် ပါတယ်။ အဖေလုပ်သူက " ဟိုး အရင်တုံးက လူသား မျိုးနွယ်ဆိုတာ မရှိဘူး။ မျောက် တွေဘဲ ရှိတယ်။ အဲဒီ မျောက်တွေက နှစ်တွေကြာ၊ ခေတ်တွေ ပြောင်းလာတဲ့အခါ အမြီးတွေပျောက် ခါးတွေ မတ်။ ဦးနှောက်တွေ ဖွံ့ဖြိုးလာပြီး လူတွေ ဖြစ်လာကြတာပေါ့ သမီးရယ်။ အဲဒါကြောင့် တိရိစ္ဆာန်ရုံထဲက မျောက်တွေ လူတွေနဲ့ တူနေတာပေါ့ ဟားဟား ဟား "ဟု အားရပါးရ ပြန်ဖြေလိုက်ပါတယ်။

မေးခွန်းတစ်ခုရဲ့ မတူတဲ့ အဖြေနှစ်ခုကြားမှာ စဉ်းစားရ ကျပ်နေတဲ့ သမီးက အမေ ဖြစ်သူဆီ ပြန်လာပြီး "အမေက ဒီလို ဖြေပြီး၊ အဖေက ဟိုလို ဖြေတယ်။ သမီး ဘာကို ယုံရမှာလဲ "တဲ့။ အမေ လုပ်သူက လှလှလေးပြုံးပြီး "သမီးမေးတဲ့ မေးခွန်းကို ပြန်ဖြေတဲ့ အမေ့ အဖြေ ရော၊ အဖေ့ အဖြေပါ မှန်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့၊ အမေက အမေ့ ဘိုးဘွားမိဘ မျိုးရိုး အကြောင်း ဖြေတာဖြစ်ပြီး။ သမီး အဖေကတော့ သူ့ မိဘဘိုးဘွားတွေ ဘယ်လို ဆင်းသက် လာတယ် ဆိုတာကို ပြောတာလေ " တဲ့။ (ဝန်ခံချက်။ ကိုဇီးရိုး ပေးပို့သော အီးမေးလ်အား ဆီလျော်အောင် ဘာသာပြန် ထားခြင်း ဖြစ်ပါသည်)

---

## နေထိုင်ခွင့်

မှတ်တမ်း ပန်းခင်း

**နေထိုင်ခွင့်** *(မင်းအောင်သက်လွင်)*

စင်ကာပူ နိုင်ငံမှာက နေချင်တိုင်း နေလို့မရ။ နေခွင့်ရတိုင်းလဲ နေလို့မရပါဘူး။ ၁၉၉၅ ခုနှစ် အခြေ အနေတုံးက စင်ကာပူဆိုတာ EP (Employment pass) တွေ ခေတ်စား တဲ့ အချိန်ပေါ့။ ဟိုလူလဲ အီးပီ။ ဒီလူလဲ အီးပီနဲ့ တပီပီလို့ မြည်နေတဲ့ အချိန်ပေါ့။ အီးပီ ရအောင် ရိုးရိုးသားသား လျှောက်ထားတဲ့ သူရော မရိုးမသား လျှောက်တဲ့သူရော အစုံပါဘဲ။ အဲဒီကြားထဲမှာ ရက်လွန် နေထိုင်ခွင့်တွေနဲ့ တရားမဝင် နေတဲ့ သူတွေလဲ ရှိပါသေးတယ်။ နောက်တော့ ကျောင်းသားခေတ်၊ ပီအာ (Permanent Resident - စင်ကာပူမှာ အမြဲတမ်း နေထိုင်ခွင့် ၅နှစ် ရထားတဲ့သူ) ခေတ် ဆိုပြီး ထပ်ပေါ် လာပြန်တယ်။ အခုအချိန် အထိတော့



ပီအာ က တော်တော် ခေတ် ကောင်းနေတဲ့ အတွက် ပီအာမှ မဟုတ်ရင် ဘုရားနဲ့ မမှန်သလို၊ သောက်သုံး မကျတဲ့ သူလိုလို။ လူ အထင်သေး ခံရတဲ့ အချိန်ပါဘဲ။ ဒါပေမဲ့ ၂၀၁၀ခုနှစ် နောက်ပိုင်းမှာ ပီအာတွေလဲ မျက်ခုံး တော်တော်လှုပ် နေကြပါပြီ။ စင်ကာပူမှာ ဒီပလိုမာ ကျောင်းပြီးတဲ့ နိုင်ငံခြားသားလူငယ်တွေဟာ အရင်က ရနေကျ ပီအာ ကို မရတော့ဘဲ အလုပ်တောင်ရှာမရ ဖြစ်ခဲ့ပါတယ်။ ပီအာ ရထားပြီးသား စင်ကာပူဘွဲ့ရ အင်ဂျင်နီယာတစ်ယောက်ဟာ ပီအာ သက်တမ်း တိုးချိန်မှာ ပီအာ မရဘဲ အီးပီ အဆင့်ကို လျှော့ချပေးလိုက်တဲ့ သတင်းဖတ်လိုက် ရပါတယ်။ မိတ်ဆွေတစ်ယောက်ရဲ့ မောင်လေးဟာ အာရှနိုင်ငံမှာ မနေချင်လို့ တတိယ နိုင်ငံဖြစ်တဲ့ ကမ္ဘာ့ထိပ်ဆုံးက ဥရောပ နိုင်ငံ အကြီးကြီးကို နိုင်ငံရေး ခိုလှုံခွင့်နဲ့ ရောက်သွား ခဲ့ပါတယ်။ အဲဒီနိုင်ငံ အကြီးကြီးက တောမြို့လေးမှာ သူတို့တွေ သီးသန့်ခွဲနေရပြီး ဥရောပနိုင်ငံ အကြီးကြီးမှာ နေရပေမဲ့ သူတို့ နေတဲ့ မြို့မှာ အဖြူကောင် တစ်ကောင်မှ မတွေ့ရဘဲ အာရှနိုင်ငံသားနဲ့ မြန်မာ တိုင်းရင်းသား တွေဘဲ နေရတယ်။ နေရာတကာ ကွမ်းတံတွေး တွေနဲ့ ညစ်ပတ်နေတာဘဲ လို့ ဆိုပါတယ်။ နော်ဝေနိုင်ငံ ရောက်နေတဲ့ မြန်မာ ပရိတ်သတ်တစ်ယောက် ကျနော့်ဆီ ဖုန်းနဲ့ မိတ်ဆက်ပါတယ်။ နော်ဝေအစိုးရက သူတို့လို နိုင်ငံရေး ခိုလှုံခွင့်ရတဲ့သူတွေကို ကောင်းကောင်းထားတဲ့အတွက် စင်ကာပူရောက် မြန်မာ အလုပ်သမားများရဲ့ ဘဝကို သနား မိကြောင်း ပြောပါတယ်။ သူနေတဲ့ နော်ဝေက ငြိမ်းချမ်း တဲ့ အကြောင်း ပြောပါတယ်။ အဲဒီ ငြိမ်းချမ်းတဲ့နိုင်ငံဟာ မကြာခင်မှာ သေနတ်သမား တစ်ယောက်က လူအယောက် ၇၀ ကျော်ကို ပစ်သတ်တဲ့သတင်း ပေါ်လာပါတယ်။ ပီအာ ဆိုတာ စင်ကာပူမှာ အခိုင်ဆုံး နိုင်ငံခြားသားပါ။ အဲဒီလို ခိုင်တဲ့သူက မခိုင်ဘဲ ရွာပြန် ရမယ်တဲ့။ ကျွန်တော်တို့ စင်ကာပူမှာ၊ ကမ္ဘာ့ထိပ်တန်း နိုင်ငံအကြီးကြီးမှာ နေထိုင်နေတာ မဟုတ်ပါ။ လောကကြီးထဲမှာ နေထိုင် ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ကို လူက ပီအာ ပေးတာ မဟုတ်ပါ။ ဘုရားက နေထိုင်ခွင့် (ပီအာ) ပေးထားခြင်းသာ ဖြစ်ပါတယ်။ ခေတ္တ နေရတဲ့ ဘယ်နိုင်ငံမှာမဆို နေထိုင်စဉ်ခန ဘုရားသခင် သာလျှင် အရာရာကို အုပ်စိုး ပိုင်တဲ့သူ ဖြစ်ကြောင်း သတိရ စေချင်ပါတယ်။ ဘုရားသခင်ရဲ့ မျက်မှောက်တော် ထဲမှာသာ နေထိုင်ခြင်းသည်သာ အလုံခြုံဆုံး ဖြစ်ပါ တယ်။ ကျွန်တော်တို့ ထာဝရနေရမဲ့ နေရာကို သိထားရင် လောကထဲ ခေတ္တ ခန နေရတဲ့ နေရာအကြောင်း ဝါကြွားစရာ မလို၊ စိုးရိမ်စရာ မလိုတော့ပါ။ (၂ကော ၅း၁-၅ ။ ယာယီတဲ ဖြစ်သော ငါတို့ မြေအိမ်သည် ပျက်လျှင် ကောင်းကင်ဘုံ၌ လူလက်ဖြင့် မလုပ်ဘဲ ဘုရားသခင် ဖန်ဆင်းတော်မူသော နိစ္စထာဝရ အိမ် ရှိကြောင်းကို ငါတို့ သိကြ၏ - - - -။)

---

## သနားလိုက်တာ

**သနားလိုက်တာ** *ကာတွန်း - မင်းအောင်သက်လွင်*

**အဓိပ္ပါယ်ဖွင့်ဆိုချက် -** အလုပ်ချိန် အတွင်းမှာတော့ မန်နေဂျာကြီးက သက်သက် သာသာ အလုပ်လုပ် နေတဲ့အချိန်မှာ အလုပ်သမားက ချွေးထွက်သံယို ဖြစ်ကာ ပင်ပန်းလို့ နေပါတယ်။ အလုပ်ပြီးတဲ့ အချိန်မှာတော့ မန်နေဂျာကြီးက ကျန်းမာရေး အတွက် ချွေးထွက် သံယို လေ့ကျင့်ခန်း လုပ်နေချိန်မှာ အလုပ်သမားက အေးအေး ဆေးဆေး သက်သက်သာသာ နားနေပါတယ်။ ဘယ်သူက ဘယ်သူ့ကို သနားတာလဲ။ အတူတူ တလှည့်စီ ပင်ပန်းနေလိုက်ကြတာ အားလုံး သနားစရာ ကောင်းတဲ့ သူတွေချည်းပါဘဲ။










စာမူပေးပို့ရန်လိပ်စာနှင့်အီးမေးလ်-Min Aung Thet Lwin, Blk 76A, #30-02 Red Hill Road, S'pore 151076. Email;thelordword@gmail.com
ဝိညာဉ်ရေးရာစာမူများကိုဖတ်ရှုနိုင်သည့် ဖေ့စ်ဘုတ်များနှင့်ဝက်ဆိုက် [ facebook; (1) lord's word,(2) lord's heart ] {www.thelordword.com}

ဘုန်းစံပြည်

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည်။